ပုဗ္ဗာစ ပုဗ္ဗနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၄)

လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝံ့ဝံ့ထည်ထည်ရပ်တည်

"အရေးကြီးလျှင် သွေးနီးသည်"၊ "ရေကိုသား၍ အကြား မထင်"ဟူသော စကားများနှင့်အညီ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူကြမည်ဟူသော တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်ကို တိုင်းရင်းသားများက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံညီလာခံကြီး၌ ခိုင်ခိုင်မာမာ ပြသခဲ့ကြပါသည်။ပင်လုံမြေ၌ ရရှိခဲ့ပြီးဖြစ်သော တိုင်းရင်းသားစည်းလုံး ညီညွတ်မှုအင်အားနှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ဆက်လက် ကြိုးပမ်းဆောင်ရွက် ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်ပေါင်း ၁၀၀ ကျော်တိုင် လက်လွတ်ဆုံးရှုံးခဲ့ရသည့် မြန်မာ့လွတ်လပ် ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့ပြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့ အလယ်တွင် ဝံ့ဝံ့ထည်ထည် ဂုဏ်သိက္ခာရှိစွာ ပြန်လည် ရပ်တည်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၆)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

သမားဗေဒနည်းအောင်စစ်သည်များ ဆေးဘက်ဆိုင်ရာနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင် နိုင်ငံတော်အတွင်း ရောက်လေရာဒေသတိုင်း၌ ကုသမှုသက်သက်သာမက သုတေသနလုပ်ငန်းပါဆောင်ရွက် ကျန်းမာရေးနှင့်ဆက်စပ်နေသည့်ကဏ္ဍများပါစောင့်ရှောက်မှ အမျိုးသားကျန်းမာရေးအထောက်အကူပြုမည်

ရန်ကုန် ဇန်နဝါရီ ၁

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရဲဘော်တို့–

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့် သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

သမားဗေဒနည်း၊ အောင်စစ်သည်များဖြစ်ကြတဲ့ ရဲဘော်တို့ဟာ တပ်မတော်ဆေးဘက်ဆိုင်ရာ တာဝန်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို ထမ်းဆောင်ကြရတော့မှာဖြစ်တယ်။

စာမျက်နှာ ၃ ကော်လံ ၁ ■

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေး တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။ (အပေါ်ဝဲပုံနှင့်အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

မြန်မာ့ရုပ်ရှင်အဆင့်အတန်း ပိုမိုမြင့်မားရေး ကြိုးပမ်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်

စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ပန်းချီ၊ ပန်းပု စသည့် အနုသုခုမပညာရပ်များသည် ပြည်သူတို့ကို အသိပညာ၊ ဗဟုသုတတိုးပွားစေရေးနှင့် အတွေးအခေါ်အယူအဆ မှန်ကန်စေရေး ပညာပေးရာတွင် ထိရောက်စွာ စွမ်းဆောင်နိုင်သည်။

စာပေ၊ အနုသုခုမပညာရှင်များသည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး စွမ်းစွမ်းတမံ သယ်ပိုးခဲ့ကြသည့်အလျောက် နိုင်ငံတော်ကလည်း ထိုက်တန်စွာ ပြန်လည်ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၂ ခုနှစ်အတွက် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်သည့်အခမ်းအနားကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ တက်ရောက်ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားကာ ၂၀၀၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများအား ရွှေစင် ရုပ်ဆုများကို ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင်—

"မြန်မာ့ရုပ်ရှင်သမိုင်းသည် ထွန်းပြောင်ခဲ့ပြီး မြန်မာ့ရုပ်ရှင် လောကသားများသည်လည်း အမျိုးသားရေးတာဝန်များကို ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင် ဆောင်ရွက်ခဲ့ကြသည်ဆိုသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ယနေ့ကြိုးပမ်းအကောင်အထည်ဖော်နေသည့် အဆင့်ခုနစ်ဆင့်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး တွင်လည်း ရုပ်ရှင်လောကသားများသည် ကျရာအမျိုးသားရေး တာဝန်များကို ထမ်းဆောင်ရင်း ထွန်းပြောင်သည့် မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို ထိန်းသိမ်းသွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်ထူးချွန်ဆုများကို ၁၉၅၂ခုနှစ်ကစတင်ပြီး နှစ်စဉ်ချီးမြှင့်ခဲ့ရာ ယခုအခါ နှစ်ပေါင်း၅၀ ရွှေရတုကာလ တိုင်ခဲ့ပြီဖြစ်သည်။

၁၉၅၂ခုနှစ်က ရုပ်ရှင်ဇာတ်ကားဆု၊ အမျိုးသားသရုပ်ဆောင်ဆု၊ အမျိုးသမီးသရုပ်ဆောင်ဆုစသည့် ထူးချွန်ဆု သုံးမျိုး၊ ၁၉၅၄ခုနှစ် ရောက်သည့်အခါ မူလထူးချွန်ဆုသုံးမျိုးအပြင် ဒါရိုက်တာဆုကိုပါ တိုးမြှင့်သတ်မှတ်ပြီး ထူးချွန်ဆု လေးမျိုး၊ ၁၉၅၆ ခုနှစ်ရောက်သည့်အခါတွင် ရုပ်ရှင်ဓာတ်ပုံဆုကိုပါ တိုးမြှင့်သတ်မှတ်ပြီး ထူးချွန်ဆုငါးမျိုး၊ ၁၉၆၂ ခုနှစ်တွင် မူလဆုများအပြင် အမျိုးသားဇာတ်ပို့ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆုနှစ်ဆု ထပ်မံတိုးမြှင့်ပြီး အားလုံးဆုခုနစ်မျိုး သတ်မှတ်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် အထက်ပါဆုခုနစ်မျိုးအပြင် ရုပ်ရှင် ဇာတ်ညွှန်းဆု၊ တေးဂီတဆု၊ အသံဆုနှင့်တည်းဖြတ်ဆုဟူ၍ ဆုလေးမျိုး ထပ်မံတိုးမြှင့်ကာ စုစုပေါင်းထူးချွန်ဆု ၁၁မျိုး သတ်မှတ်ချီးမြှင့်ပေးလျက်ရှိသည်။ ယနေ့အထိ ချီးမြှင့်ပေးခဲ့ပြီးဖြစ်သည့် ထူးချွန်ဆုပေါင်း ၂၆၈ဆု ရှိခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင်၊ ရုပ်ရှင်အဆင့်အတန်းမြင့်မားလာအောင် ယခုကဲ့သို့ အားပေးချီးမြှင့်ခဲ့သကဲ့သို့ ရုပ်ရှင်လောကသားများကလည်း ရုပ်ရှင်သမိုင်းတစ်လျှောက် ရုပ်ရှင်လောကအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ယနေ့နိုင်ငံတော်တည်ဆောက်ရေးကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် မိမိတို့ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက် ရှိကြသည်။

သို့ဖြစ်ရာ သမိုင်းထွန်းပြောင်ခဲ့သည့် ရုပ်ရှင်လောကသားများအနေဖြင့် အတိတ်တွင် သမိုင်းအစဉ်အလာရှိသကဲ့သို့ ယခုပစ္စုပ္ပန်နှင့် နောင်အနာဂတ်တွင်လည်း ရုပ်ရှင်လောက ပိုမိုထွန်းပြောင်အောင်၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းပိုမိုမြင့်မားအောင်၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)လူငယ်တင်းနစ်ပြိုင်ပွဲ မြန်မာနိုင်ငံ၌ ဇန်နဝါရီ ၁၂ ရက်မှ စတင်ကျင်းပရေးရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)က ကြီးမှူး၍ မြန်မာနိုင်ငံ၌ ကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက်အာရှဇုန်(၂)လူငယ်တင်းနစ်ပြိုင်ပွဲ(ITF 14&Under Asian Tennis Championship 2004-Zone-2)နှင့် စပ်လျဉ်း၍ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းတက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.) နှင့် အမှုဆောင် ဗိုလ်မှူးတင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)၊ အတွင်းရေးမှူးဒေါက်တာ တင်အောင်လင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)လူငယ်တင်းနစ်ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာလက်ရွေးစင်လူငယ်တင်းနစ်အသင်းမှ အုပ်ချုပ်သူနည်းပြများနှင့်အားကစားသမားများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကဗိုလ်ချုပ်ကျော်ဝင်းက အမှာစကားပြောရာ၌ နှစ်သစ်သမယတွင် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ယခုကဲ့သို့ ဆုံတွေ့ရ၍ ဝမ်းမြောက်မိပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd) က ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)ကကြီးမှူး၍ အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)လူငယ်တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ဇန်နဝါရီလ ၁၂ ရက်မှ ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)ကကြီးမှူး၍ မြန်မာနိုင်ငံကကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) လူငယ်တင်းနစ်ပြိုင်ပွဲ ITF 14&Under Asian Tennis Championship 2004-Zone-2 နှင့် စပ်လျဉ်း၍ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့်တွေ့ဆုံရှင်းလင်းခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။

(မြန်မာ့အလင်း)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃-၁-၂၀၀၄ မှ ၁၁-၁-၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ သင်တန်းဆင်း အရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တပ်မတော်ဆေးတက္ကသိုလ်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များက အဆိုအကဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

ကိုယ့်ကိုယ်ကိုနှိမ့်ချစိတ်နဲ့ သူတစ်ပါးရဲ့အတွေ့အကြုံကို မျှဝေရရှိဖို့ ပညာမာနမထားကြဖို့လို

■ **ရှေ့ဖုံးမှ**

ရဲဘော်တို့–

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက ခွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာနဲ့ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသူတွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဒီအစဉ်အလာတွေကို ဆက်လက်သယ်ပိုးသွားကြရမယ်။

ရဲဘော်တို့–

ဆေးဘက်ဆိုင်ရာနဲ့ ပတ်သက်လို့ပြောကြားရရင် ကျန်းမာရေးအသိပညာပေးမှုဟာ အရေးအကြီးဆုံး ဖြစ်တယ်။ ကျန်းမာရေးအသိမရှိရင် အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ပေါက်ဆိုသလိုပဲ မဖြစ်သင့်တာတွေ ဆိုးဆိုးရွားရွား ဖြစ်ကြရတယ်။ ဒါကြောင့် ကျန်းမာရေးပညာပေးလုပ်ငန်းကို အလေးထားလုပ်ကိုင်ကြဖို့ မှာကြားလိုတယ်။

အတွေ့အကြုံမျှဝေ

ရောဂါကုသခြင်းအပိုင်းမှာတော့ အနာမသိဆေးမရှိဆိုတဲ့ စကားအတိုင်းပဲ အနာရောဂါကို မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်မှ မြန်မြန်ဆန်ဆန်ပျောက်ကင်းအောင် ကုသနိုင်မှာဖြစ်တယ်။ ဒီလိုဖော်ထုတ်နိုင်ဖို့ အတွေ့အကြုံနဲ့ ဗဟုသုတတွေလိုတယ်။ လိုအပ်ရင်လိုအပ်သလို ဆွေးနွေးမေးမြန်း နှီးနှောတိုင်ပင်ကြရမယ်။ ကိုယ့်ကိုယ်ကို နှိမ့်ချစိတ်နဲ့ သူတစ်ပါးရဲ့အတွေ့အကြုံကို မျှဝေရရှိဖို့ ပညာမာနမထားကြဖို့လိုတယ်။

အမြော်အမြင်ရှိရှိစုဆောင်း

ဒါ့အပြင် ဒေသအလိုက် ထူးခြားတဲ့ရောဂါလက္ခဏာတွေကို သုတေသနပြုကြရမယ်။ တို့နိုင်ငံကို ပြည်ပက ဆရာဝန်တွေ လာရောက်ပြီး ပူးတွဲကုသကြခြင်းဟာ အတွေ့အကြုံကို လာယူနေကြခြင်းဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာလဲ နိုင်ငံတော်အတွင်း ရောက်လေရာဒေသတိုင်းမှာ အတွေ့အကြုံသစ်တွေကို စိတ်အားထက်သန်စွာ ရှာဖွေပြီး မှတ်တမ်းတင်ကြရမယ်။ ကုသမှုသက်သက်ကိုသာမဆောင်ရွက်ဘဲ သုတေသနလုပ်ငန်းကို မှတ်တမ်းမှတ်ရာနဲ့ ဆောင်ရွက်ကြရမယ်။ ဒေသအလိုက် ကျန်းမာရေးအသိပညာအတိုင်းအတာ၊ ဒေသရဲ့လူမှုရေး၊စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်ဆဲဖြစ်ပေါ်လတ္တံ့သော ရောဂါဝေဒနာ၊ လိုအပ်နေတဲ့ကာကွယ်စောင့်ရှောက်မှုစတဲ့ အချက်တွေဟာအမျိုးသားကျန်းမာရေးကိုအထောက်အကူပြုစေမှာဖြစ်တဲ့အတွက် အချက်အလက်တွေကို အမြော်အမြင်ရှိရှိနဲ့စုဆောင်းကြရမယ်။

ရဲဘော်တို့–

နိုင်ငံတော်ကာကွယ်ရေးအတွက် ရဲဘော်တို့ကို တပ်စုမှူးအဆင့်စစ်ပညာနဲ့ စစ်ဘက်ခေါင်းဆောင်မှုတွေ လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်တယ်။ ဒါ့အပြင် စစ်ပညာနဲ့ပတ်သက်လို့ တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်လေ့ကျင့်သွားကြရမယ်။ ဒါကြောင့် တပ်မတော်သားကောင်းပီသစွာ စစ်မြေပြင်အတွေ့အကြုံ ရင့်ကျက်အောင် ဖြည့်ဆည်းကြဖို့လိုအပ်တယ်။ ဒါ့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြမယ့် ရဲဘော်တို့ဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲဝံ့စွန့်စားတဲ့ စစ်ခေါင်းဆောင်တွေဖြစ်ကြရမယ်။

ခေါင်းဆောင်မှုနဲ့ပတ်သက်လာရင် နမူနာယူလောက်အောင်စံပြနေထိုင်လုပ်ကိုင်ခြင်းဟာ အဓိကဖြစ်တယ်။ လူအများရဲ့ နမူနာယူခြင်းခံရတာသည်ပင်လျှင် ခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရတာတစ်မျိုးဖြစ်တယ်။ စစ်ဘက်လုပ်ငန်းတာဝန်ရဲ့ သဘာဝဟာ တစ်ခုတည်းသော ရည်မှန်းချက်အတွက် ကိုယ်စီတာဝန်ရှိသူအားလုံးကို တလုံးတစည်းတည်းဖြစ်အောင် အချိန်ကိုက်ကြိုးကြပ်ကွပ်ကဲရခြင်းဖြစ်တယ်။ ဒါကြောင့်ခေါင်းဆောင်မှုကောင်းမှသာ ကြီးကြပ်ကွပ်ကဲခြင်းဟာ ထိရောက်အောင်မြင်လိမ့်မယ်။ ခေါင်းဆောင်တစ်ယောက်ဟာ လက်အောက်ငယ်သားများရဲ့ ကြည်ညိုလေးစား၊ ယုံကြည်အားကိုးခြင်းကို ရရှိဖို့လိုတယ်။

ရဲဘော်စိတ်ရှိ

လက်အောက်ခံတပ်ဖွဲ့ဝင်အားလုံးက တညီတညွတ်တည်း ကြည်ညိုလေးစားဖို့အတွက် ဖြောင့်မတ်မှန်ကန်ခြင်းနဲ့ သမာသမတ်ကျခြင်းဟာ အခြေခံဖြစ်တယ်။ ဒါ့အပြင်အနစ်နာခံလိုစိတ်ရှိရမယ်။ ရဲဘော်စိတ်နဲ့ မိဘသဖွယ် စိတ်ဓာတ်လဲ ရှိရမယ်။

ဦးဆောင်ဦးရွက်ပြု

လက်အောက်ခံတပ်ဖွဲ့ဝင်အားလုံးရဲ့ ယုံကြည်အားကိုးတဲ့ခေါင်းဆောင်ဖြစ်ဖို့ဆိုရင် စိတ်ဓာတ်ကောင်းရမယ်။ စွမ်းရည်ရှိရမယ်။ သတ္တိဗျတ္တိရှိရမယ်။ စွန့်လွှတ်စွန့်စားရဲရမယ်။ ထိုးထွင်းတီထွင်ကြံဆ လုပ်ဆောင်တတ်ရမယ်။ ရည်မှန်းချက်တာဝန်ကို ထမ်းဆောင်ရာမှာ စေ့စပ်၊ သေချာ၊ ကျွမ်းကျင်မှုရှိပြီး တပ်မှူးကောင်း စိတ်ဓာတ်နဲ့ ရှေ့က မားမားမတ်မတ် ဦးဆောင်ဦးရွက်ပြုနိုင်ရမယ်။

ဒီအချက်တွေဟာ အားလုံးသိပြီးသားဖြစ်လိမ့်မယ်။ သို့သော် သိရုံနဲ့မရဘဲ လက်တွေ့ကျင့်ကြံမှုရမှာဖြစ်တဲ့အတွက် ပြည့်ပြည့်ဝဝကျင့်ကြံနိုင်လေ ခေါင်းဆောင်မှုကောင်းလေဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

တို့တပ်မတော်ဟာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နယ်စပ်ဒေသနဲ့တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကွက်လပ်မကျန်ရလေအောင် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိတယ်။

ပြည်သူတွေ စိတ်အေးချမ်းသာနေထိုင်နိုင်ပြီး လွတ်လပ်စွာ ဝမ်းစာစီးပွားရှာဖွေစားသောက်နိုင်အောင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေဟာ တစ်နှစ်ထက်တစ်နှစ်မြင့်မားပြီး နိုင်ငံ့စီးပွားတိုးတက်ဖို့လဲ ဆောင်ရွက်နေတယ်။ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတာနဲ့အမျှ ပြည်သူတွေ အသက်ရှည်ကျန်းမာဖို့၊ ပညာရည်မြင့်မားဖို့ နဲ့လူနေမှုဘဝမြင့်မားဖို့အတွက် နိုင်ငံတစ်ဝန်းလုံးဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် လမ်းတံတား၊ ဆည်တမံတွေ အပါအဝင် ကဏ္ဍပေါင်းစုံက စီးပွားရေးနဲ့ လူမှုရေးအခြေခံအဆောက်အအုံတွေကို ဒေသတိုင်းမှာ လက်ညီှုးထိုးမလွဲအောင် တည်ဆောက်ပေးနေတာဟာ ပစ္စုပ္ပန်အတွက် သာမကဘဲ နောင်လာမယ့် မျိုးဆက်တွေအတွက်ပါ မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်။ ဒါဟာ ပြည်သူ့သားကောင်းများပီပီ ပြည်သူကို အလုပ်အကျွေးပြုနေခြင်းသာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

ရဲဘော်တို့ကိုယ်တိုင်လဲ နိုင်ငံ့လူဦးရေရဲ့(၇၀)ရာခိုင်နှုန်းကျော်ဖြစ်တဲ့ ကျေးလက်နေပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ကြဖို့ မှာကြားလိုတယ်။ ဒီလိုစောင့်ရှောက်တဲ့အခါ လူနာရဲ့ ရောဂါဝေဒနာ ကုသရေး တစ်ခုတည်းကိုသာမကဘဲ ဆပ်စပ်နေတဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးနဲ့ လမ်းပန်းဆက်သွယ်မှုစတဲ့ ကဏ္ဍတွေကိုပါ ကြည့်ရှုပေးမှ ပြည့်စုံကျယ်ပြန့်တဲ့ လုံးဝဥဿုံ ပြုစုစောင့်ရှောက်မှုမျိုးဖြစ်လိမ့်မယ်။ ကျေးလက်ဒေသလုပ်ငန်းစဉ်ငါးရပ်ဟာ အချင်းချင်းအပြန်အလှန် အထောက်အကူပြုနေတဲ့ လုပ်ငန်းစဉ်များဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးအနေနဲ့ ပြောကြားရရင်–

- **သမားဇာနည်၊ အောင်စစ်သည်**ဆိုတဲ့အတိုင်း တပ်မတော်ဆေးဘက်ဆိုင်ရာ တာဝန်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထူးချွန်ထက်မြက်စွာ ထမ်းဆောင်ကြပါ၊
- ခေါင်းဆောင်ကောင်းများဖြစ်အောင် ကျင့်ကြံအားထုတ်ကြပါ၊
- နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ ဆေးပညာရှင်များဖြစ်အောင် ကြိုးစားကြပါ၊
- နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြပါ

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

(သတင်းစဉ်)

ဒီဇင်ဘာ ၃၁ရက်က ဘဂ္ဂဒက်မြို့ရှိ လမ်းမကြီးတစ်ခုတွင် ဗုံးပေါက်ကွဲမှု တစ်ရပ် ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်များလုံခြုံရေး ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌လူစည်ကားချိန် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်စစ်ယာဉ်များဖြတ်မောင်းချိန် ပြောက်ကျားတို့ ဖောက်ခွဲခြင်းဖြစ်

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

အမေရိကန်စစ်ယာဉ်များ ဘဂ္ဂဒက်လူစည်ကားရာအရပ်၌ ယမန်နေ့က ဖြတ်မောင်းသွားစဉ် ပြောက်ကျားများက လမ်းဘေး၌ ထောင်ထားသော ဗုံးတစ်လုံးကိုဖောက်ခွဲလိုက်ရာ အီရတ်အရပ်သားတစ်ဦးသေဆုံးပြီး လူအချို့ ထိခိုက်ဒဏ်ရာရခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံအနှံ့တွင် တိုက်ခိုက်ရေးသမားများကိုဝင်ရောက်စီးနင်းရှာဖွေစဉ် ယင်းသို့ပြောက်ကျားများက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့လယ်ရှိ ကာရာဒါအရပ်၌ ယခုဗုံးပေါက်ကွဲမှုသည် သုံးရက်အတွင်း ထိုဒေသ၌ အမေရိကန်တပ်များကို ဒုတိယအကြိမ် တိုက်ခိုက်ခြင်း ဖြစ်သည်။ တနင်္ဂနွေနေ့၌ အလားတူပေါက်ကွဲမှုတွင် ကလေးနှစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။ နှစ်သစ်အချိန်အခါ၌ တိုက်ခိုက်မှုများပိုမိုဖြစ်လာမည့် စိုးရိမ်ပူပန်မှုများကြောင့် ဘဂ္ဂဒက်မြို့သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ပိုမိုကင်းလှည့်လျက်ရှိပြီး တပ်ဖွဲ့ဝင်များကို နိုးနိုးကြားကြားရှိကြရန် သတိပေးချက် ထုတ်ပြန်ထားသည်။ ကာရာဒါအရပ်၌ ဗုံးပေါက်ကွဲချိန်သည် ကလေးများ ကျောင်းသွားချိန်၊ အလုပ်သမားများ အလုပ်သွားချိန်နှင့် စီးပွားရေး လုပ်ငန်းများအတွက် ဈေးသည်များဆိုင်ဖွင့်ချိန်ဖြစ်ရာ လမ်းများပေါ်၌ လူရာပေါင်းများစွာ သွားလာလျက်ရှိကြသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်ဦးဆောင်တပ်များ အီရတ်ကို သိမ်းပိုက်ခဲ့မှု အီရတ်သတင်းမီဒီယာလောက မှေးမှိန်ခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်းကြောင့် အီရတ်သတင်းမီဒီယာကဏ္ဍမှေးမှိန်ခဲ့ရသည်။

သို့ရာတွင် သတင်းလုပ်ငန်းများ ပြန်လည် အသက်ဝင်လာအောင် အီရတ် စာနယ်ဇင်းသမားများက စိတ်အားထက်သန်စွာ ကြိုးပမ်းနေကြရကြောင်း သိရသည်။

အီရတ်နိုင်ငံနှင့် သက်ဆိုင်သည့် သတင်းရယူရေးဆိုင်ရာ သတင်းကွန်ရက်တစ်ခုကို အမေရိကန်စစ်ဌာနချုပ်က တည်ထောင်ခဲ့ကြောင်း၊ ၎င်းကွန်ရက်က ထုတ်လွှင့်သည့် သတင်းများနှင့်ပတ်သက်၍ အီရတ်နိုင်ငံ၏ အမှန်တကယ် အခြေအနေမှန်ကို ထုတ်လွှင့်ခြင်းမပြုကြောင်း၊ အီရတ်ကို သိမ်းပိုက်ထားသည့် အမေရိကန်တို့ စိတ်ကြိုက် ထုတ်လွှင့်သော သတင်းကွန်ရက်တစ်ခုသာ ဖြစ်ကြောင်း၊ အီရတ်ပြည်သူတို့က ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုပြန်ရရန် နိုင်ငံတကာက အမြန်ဆုံးမြင်တွေ့လို

ဘေဂျင်း ဒီဇင်ဘာ ၃၀

တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ ရောက်ရှိသော အမေရိကန်နိုင်ငံ ကိုယ်စားလှယ် ဂျိမ်းဘေကာနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုကြောင့် အီရတ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို လျှော့ချပေးရန်စဉ်းစားဖို့ ဆုံးဖြတ်ခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ထို့အပြင် အီရတ်နိုင်ငံ၏ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်အေးချမ်းရေး ပြန်လည်ရရှိလာစေရန် နိုင်ငံတကာက တတ်နိုင်သမျှ အမြန်ဆုံးမြင်တွေ့လိုကြောင်းလည်း တရုတ်သမ္မတ ဟူကျင်တောင်က ဂျိန်းဘေကာကို သီးခြားတွေ့ဆုံစဉ်တွင် ပြောကြားခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့နှင့် နိုင်ငံတကာ အရေးကိစ္စနှင့် ဒေသတွင်း ကိစ္စရပ်များတွင် တိုင်ပင်ဆွေးနွေးဖလှယ်မှုများသည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ဆက်လက်ရှိသင့်ကြောင်းလည်း တရုတ်သမ္မတက ပြောကြားခဲ့သည်။

(စီစီတီဗွီ)

လက်နက်များတွေ့မည်ဆိုသော ဘလဲယုံကြည်ချက်ကို ရော်ဘင်ကွတ်ဝေဖန် ဘလဲရာထူးမှနုတ်ထွက်ပေးသင့်ကြောင်း ကလဲရှော့တ်ပြောကြား ယုံကြည်မှုအဖတ်ဆယ်ရန် အမှားကိုလက်မခံသင့်

လန်ဒန် ဒီဇင်ဘာ ၃၀

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲမှာ ထိပ်တန်းနိုင်ငံရေးသမားများနှင့် ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များက ၎င်းအားဘက်ပြန်နေစဉ် အီရတ်စစ်ပွဲထောက်ခံမှုနှင့်စပ်လျဉ်း၍ ယမန်နေ့က အပြင်းထန်ဆုံးဝေဖန်တိုက်ခိုက်မှုကိုခံလိုက်ရသည်။

အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် လေဘာအမတ် အများအပြား၏ ထောက်ခံမှုပြန်ရရန်မဆုတ်မနစ်သည့် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်။ ဝန်ကြီးချုပ် တိုနီဘလဲအတွက် ယင်းဝေဖန်တိုက်ခိုက်မှုများက နှစ်ကုန်တွင် အထိနာစေသည့် လက္ခဏာအမှတ်အသားပင် ဖြစ်သည်။

ပဋိပက္ခမတိုင်မီ ရာထူးမှနုတ်ထွက်သွားသော ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က အီရတ်၌ လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ တွေ့လိမ့်မည်ဟူသော ဝန်ကြီးချုပ်တိုနီဘလဲ၏ ယုံကြည်ချက်အပေါ် အပြင်းထန်ဆုံး ဝေဖန်တိုက်ခိုက်ခဲ့သည်။

အီရတ်စစ်ပွဲတွင် ဗြိတိန်ပါဝင်စဉ်က အီရတ်သမ္မတဆက်ဒမ်ဟူစိန် အနေဖြင့် လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ ထုတ်လုပ်နေသည်။ ထိုလက်နက်များကို ပိုင်ဆိုင်နိုင်သည်ဟု ဝန်ကြီးချုပ်တိုနီဘလဲရိုးသားစွာ ယုံကြည်သည်ကို မိမိလက်ခံနိုင်ကြောင်း သို့သော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံရေးနှင့်ပတ်သက်၍ သူ့အပေါ် ယုံကြည်မှုပြန်လည်အဖတ်ဆယ်ရန် အတွက်အမှားကိုယခုအခါလက်မခံသင့်တော့ကြောင်း၊ လူတိုင်းကမှုမှားနေသည်ကိုမြင်နိုင်သည့်အချိန်တွင် ကိုယ့်ဖာသာကိုယ်မှန်သည်ဟု ဇွတ်ထိုးနေလျှင်အမေရိကန်များကပင် ဝန်ကြီးချုပ်အားလက်ခံအားပေးတော့မည် မဟုတ်ကြောင်းဖြင့် ရော်ဘင်ကွတ်က ဝေဖန်လိုက်သည်။ ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးရေး ဝန်ကြီးဟောင်း ကလဲရှော့တ်ကလည်း ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။ ထို့ပြင် ဝန်ကြီးချုပ်သည် လိမ်လည် လှည့်ဖြားနေသည်ဟု စွပ်စွဲလိုက်သည်။

ဟောင်ကောင်မြို့မှဂိုဏ်းချုပ် ဘုန်းတော်ကြီးဒေါက်တာ ဒေးဗစ်ဟုတ်ကလည်း အီရတ်စစ်ပွဲတရားဝင်မှုရှိ မရှိယမန်နေ့က မေးလိုက်ပြီး ဝန်ကြီးချုပ်တိုနီဘလဲအနေဖြင့် ဘုရားသခင်ထံအစစ်အဆေးခံရလိမ့်မည်ဟု သတိပေးလိုက်သည်။

ဒေါင်းနင်းလမ်းဝန်ကြီးချုပ်ရုံးကမူ အီရတ်၌ လက်နက်ထုတ်လုပ်သည့် ဓာတ်ခွဲခန်းများ တွေ့ရှိထားသည်ဆိုသော ဝန်ကြီးချုပ်တိုနီဘလဲ၏ ဝေဖန်ပြောကြားချက်အတိုင်း ယမန်နေ့ညက ရပ်တည်ပြီးထိုသတင်းမှာ အီရတ်မှ ဆက်ဒမ်ဟူစိန်၏ လက်နက်တိုက်များကိုရှာဖွေနေသည့်အုပ်စုမှ ရရှိသည်ဟု ထပ်မံပြောကြားလိုက်သည်။

(အင်တာနက်)

အီရတ်နှင့်ချုပ်ဆိုထားသော ရေနံရှာဖွေရေးစာချုပ် ပြန်လည်ဆောင်ရွက်ရန် ရုရှားရေနံအဖွဲ့အီရတ်သို့ရောက်ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အယ်လ်ခိုင်ဒါအဖွဲ့နှင့်ဆက်စပ်မှုရှိသောအဖွဲ့မှ အဖွဲ့ဝင်များဟု သံသယရှိသူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ မိုဆူးလ်မြို့တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အီရတ်သုံးဦး သေဆုံးခဲ့သည်။

တနင်္ဂနွေနေ့ညက ရှာဖွေစီးနင်းစဉ်ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။ စနေနေ့က ကာဘာလာမြို့တွင် ဖြစ်ပွားခဲ့သော အသေခံကားဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်သည်ဟု သံသယရှိသူ၄ဦးကို ဖမ်းဆီးထားကြောင်း ကာဘာလာမြို့ရှိ ပိုလန်စစ်ဘက်ဆိုင်ရာ အကြီးအကဲက ပြောကြားသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် နိုင်ငံခြားသားများ ပါဝင်ပတ်သက်နိုင်သည်ဟု ၎င်းက ယမန်နေ့တွင် ပြောကြားခဲ့သည့်နည်းတူ အမေရိကန်ဦးဆောင် အာဏာပိုင်များကလည်း ပြောကြားခဲ့ကြသည်။

သို့ရာတွင်ယခု နိုင်ငံခြားသား တိုက်ခိုက်သူ အနည်းငယ်သာ ဖမ်းဆီးရရှိကြောင်း သိရသည်။ ထိုအတောအတွင်းမှာ ရုရှားရေနံကုမ္ပဏီ ယူကော့စ်မှ ကိုယ်စားလှယ်အဖွဲ့သည် အီရတ်နိုင်ငံသို့ ရောက်ရှိလာသည်။ ယခုကဲ့သို့ ရောက်ရှိလာခြင်းသည် ယခုလစောစောပိုင်းတွင် သမ္မတပူတင်နှင့် အမေရိကန် ကိုယ်စားလှယ်ဂျိမ်းစ်ဘေကာ တို့ မော်စကို၌ တွေ့ဆုံစဉ် အီရတ်မှ ရုရှားသို့ ပေးဆပ်စရာရှိသော အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအချို့ကို လျှော့ပစ်ရန် ရုရှားသမ္မတပူတင်က လက်ခံသည့်သဘောပြခဲ့ခြင်းကြောင့် ဖြစ်သည်။

ယူကော့စ်အဖွဲ့သည် အီရတ်နိုင်ငံတောင်ပိုင်းရှိ ကာမယ်အနောက်ရေနံမြေတွင် ရေနံရှာဖွေရေးလုပ်ဆောင်ရန် ၂၀၀၂ ခုနှစ်က စာချုပ်ချုပ်ဆိုထားမှုကို ပြန်လည်ဆောင်ရွက်နိုင်ရန် အီရတ်ရေနံဝန်ကြီးဌာနနှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

ဒီဇင်ဘာ ၃၁ရက်က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်ဖော်လူဂျာမြို့တွင် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ကြိုးစားသည်ဟု သံသယရှိသူများအား အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
အီရတ်မြင်ကွင်း

ခုခံတိုက်ခိုက်နေဆဲ

အမေရိကန်နှင့် အပေါင်းပါ တပ်များကို ပြောက်ကျားများက ခုခံတိုက်ခိုက်နေဆဲဖြစ်သည်။

(ယာပုံမှာ ဒီဇင်ဘာ ၃၀ ရက်က ဘဂ္ဂဒက်မြို့ ကာရာဒါဒေသ၌ လမ်းဘေးထောင်ချောက်ဗုံးပေါက်ကွဲပြီးနောက် အီရတ်လူမျိုးများကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

နှစ်သစ်ကူးကာလ တိုက်ခိုက်မည့် အခြေအနေကို အမေရိကန်နှင့် အပေါင်းပါတပ်များ စိုးရိမ်နေ
အီရတ်ပြောက်ကျားများက လမ်းဘေးထောင်ချောက်ဗုံးများသုံး၍ အဆက်မပြတ် ခုခံတိုက်ခိုက်

ဒီဇင်ဘာ ၃၀ ရက်က ကာဘာလာမြို့၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝဲပျံစောင့်ကြပ်

ယာပုံမှာ ဒီဇင်ဘာ ၃၁ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက်မိုင် ၁၅၀ အကွာ တီကရစ်မြို့ပေါ်သို့ အမေရိကန်ရဟတ်ယာဉ်တစ်စင်း ဝဲပျံစောင့်ကြပ်လျက်ရှိသည်ကို တွေ့ရစဉ်။

(အမေရိကန် တပ်ဖွဲ့ဝင်များသည် နှစ်သစ်ကူးတွင် တိုက်ခိုက်လာနိုင်ဖွယ်ရှိသည်ကို ပြင်ဆင်နေကြခြင်းဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့်ရှာဖွေ

ဒီဇင်ဘာ ၃၁ ရက်က ဘဂ္ဂဒက်မြို့ အနောက်မြောက် ဘက် မိုင် ၄၀ အကွာရှိ ဖော်လူဂျာ မြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အောက်ပုံမှာ ဒီဇင်ဘာ ၃၁ရက်က ဘဂ္ဂဒက်မြို့ ပါလက်စတိုင်းလမ်းပေါ်၌ ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားနေသည်ကိုတွေ့ရစဉ်။ (ယင်းပေါက်ကွဲမှုကြောင့် အနည်းဆုံးလူနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

★ *ကျောဖုံးမှ*

သင်တန်းဆင်းပွဲတက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်မှူးချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ် သိန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယဝန်ကြီးများ၊ တပ်နယ်မှတပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ချီတက်အလေးပြု

ထို့နောက် ဗိုလ်လောင်းတပ်ခွဲ များက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅)မှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃၁၄) ဗိုလ်လောင်းစိုးမင်းအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၉၁) ဗိုလ်လောင်းကျော်ကျော်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃၁၄) ဗိုလ်လောင်း စိုးမင်းအောင်တို့အား ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

အားပေးစကားပြောကြား

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅)မှ ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏ မိဘများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂-၁-၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ နှာဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ် (သမိုင်း)
(ခ)တတိယနှစ်(အင်္ဂလိပ်စာ)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အချစ်လေပြည်”**(အပိုင်း-၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းညီနောင်”** (အပိုင်း-၃၈)

ဇန်နဝါရီ ၁ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် အောင်စစ်သည်ဆု ရရှိသူ ဗိုလ်လောင်း အမှတ် (၃၁၄) ဗိုလ်လောင်း စိုးမင်းအောင်အား ဆုချီးမြှင့်စဉ်။(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ဇန်နဝါရီ၁ ရက်က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် (၂၉၁) ဗိုလ်လောင်းကျော်ကျော်အား ဆုချီးမြှင့်စဉ်။(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၆၅ ခုနှစ် ပြာသိုလပြည့်နေ့ (ဇန်နဝါရီ ၆ ရက်) အင်္ဂါနေ့ ညနေ ၃ နာရီတွင် စေတီတော်ရင်ပြင်တော်၌ ကျင်းပမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ သြဝါဒစရိယ ဆရာတော်ကြီးများအပါအဝင် သံဃာတော် ၆၂ ပါး ကြွရောက်မည်ဖြစ်သဖြင့် အလှူရှင်များ တက်ရောက်လှူဒါန်းနိုင်ကြကြောင်းနှင့် ဖုန်း– ၃၇၉၈၄၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားအပြီးတွင် ထူးချွန်ဆုရ ဗိုလ်လောင်းများနှင့် မိဘများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁

အကြိမ် (၁၈၀)မြောက် ကျပ်(၅၀)တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့်ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၃၀၀)အထူးဆု

သ–၇၈၂၀၁၄

ကျပ်သိန်း(၅၀)ဆုများ

ဟ–၇၇၆၃၂၂ က–၄၆၄၀၄၇
ဒ–၈၅၄၅၀၄ ခ–၅၉၅၀၆၉
သ–၆၂၃၈၂၉ ဝ–၃၇၈၉၄၂
ဟ–၃၅၅၈၇၉ ဟ–၃၁၈၈၉၃
ဇ–၅၃၈၅၈၁ က–၁၇၁၂၆၉

ကျပ်(၂၅)သိန်းဆုများ

စ–၈၀၆၆၉၀ ခ–၃၄၃၅၈၄
ပ–၁၄၄၁၁၂ ဂ–၈၀၅၀၆၇
ပ–၃၉၇၅၄၅ န–၁၁၆၇၈၈
ည–၁၀၄၈၅၆ ဝ–၅၄၂၆၉၅
ဖ–၅၄၆၈၁၂ ဃ–၂၃၀၇၅၆
ရ–၂၆၉၅၂၁ ဘ–၉၃၉၉၉၀

ကျပ်သိန်း(၅၀)(မင်္ဂလာစုံတွဲ)

ဃ–၈၁၇၉၃၀ ရ–၅၅၅၂၀၁
ခ–၂၀၄၃၁၆ ယ–၃၁၅၈၉၉
ပ–၇၈၂၁၅၆ တ–၇၅၀၀၆၈

သီတဂူ ဓမ္မသဘင် တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် မြတ်ကြီး၏(၁၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အကြိုတရားပွဲအဖြစ် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်၏ အဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဗဟုဇနဟိတဓရ သပိတ် အိုင်တောရ သဲကုန်းဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D. Litt)သည် ပြာသိုလပြည့်နေ့ ဇန်နဝါရီ ၅ ရက် (တနင်္လာနေ့)ညတွင် စေတီတော် ရင်ပြင်တော်ရှိ ရတနာ့ဗိမာန်တော်ကြီး၌ သီတဂူ ဓမ္မသဘင် တရားပွဲ ချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

သ–၄၈၇၁၀၄ င–၉၁၄၀၂၁
ကက–၆၁၃၈၁၆ ခ–၈၅၈၂၁၄
ဋ–၇၆၇၇၇၇ ဒ–၇၈၀၉၅၅
ဠ–၆၈၃၅၈၇ ဂ–၈၄၈၁၇၈
င–၇၇၀၄၀၇ ဇ–၆၇၂၈၃၄
သ–၉၉၄၉၃၇ ပ–၅၆၉၄၅၆
န–၄၇၄၉၈၉

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား

၂–၁–၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌ ဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၆။	ရုပ်သေးပြိုင်ပွဲ
၈:၁၅	၇။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	English for Everyday Use
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice In Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသာ ရိုးရာတေးသံသာ
၁၇:၃၀	၇။	တေးဂီတအစီအစဉ်
၁၇:၄၅	၈။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၀	၉။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၈:၁၅	၁၀။	Discovery
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	Milo Success in Soccer
၁၉:၁၀	၁၄။	(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၂၅	၁၅။	တေးဂီတအစီအစဉ်
၁၉:၄၀	၁၆။	အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု "မျိုးချစ်စိတ်ဓာတ်"(အပိုင်း–၁)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာရုပ်ရှင် **"သူ့ကျွန်မခံပြီ"** (အပိုင်း–၂) (ညွှန့်ဝင်း၊ နေအောင်၊ ကျော်သူ၊ ကျော်ရဲအောင်၊ လွင်မိုး၊ မေသန်းနု၊ စံရှားတင်၊ နန္ဒာလှိုင်) (ဒါရိုက်တာ–ကြည်စိုးထွန်း)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံတက္ကသိုလ်။

ပညာရေးနှင့်ကျန်းမာရေးကဏ္ဍမြင့်မားတိုးတက်လာသောပြည်သူ့ဘဝ

သတင်းထောက်- စိုးသိန်း

ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်တည်လာရေးအတွက် အမျိုးသားလူ့စွမ်းအား မြင့်မားရေးကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တစ်နည်းအားဖြင့် မျက်မှောက်ခေတ်နှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးသည် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးပေါ်တွင် အခြေခံလျက်ရှိသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအား ဖွံ့ဖြိုးမှု အစီအစဉ်များကို အမျိုးသား ပညာရည်မြင့်မားရေး အထူးစီမံကိန်းတစ်ရပ် ရေးဆွဲ၍ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းအရ ပညာရေးဝန်ကြီးဌာနက အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍကို တာဝန်ယူအကောင်အထည်ဖော်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အင်ဂျင်နီယာပညာ၊ ကွန်ပျူတာပညာစသော နည်းပညာများ တိုးတက်ရေးအတွက် ဆောင်ရွက်နေသကဲ့သို့ အခြားဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာဘာသာရပ်များကို အဆင့်မြင့်ပညာကဏ္ဍတွင်တိုးချဲ့ သင်ကြားပေးလျက်ရှိသည်။

နိုင်ငံနှင့်အဝန်း တစ်ပြေးညီသော ပညာသင်ကြားရေးအခွင့်အလမ်းများရနိုင်စေရန် တက္ကသိုလ်နှင့် ကောလိပ်များ စုစုပေါင်း ၁၅၄ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ခေတ်မီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ရေကြောင်းပညာ တက္ကသိုလ်နှင့် လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်များကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယင်းအပြင် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင်လည်း မဟာဘွဲ့၊ ပါရဂူဘွဲ့များကိုတိုးမြှင့်သင်ကြားပေးနိုင်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနက တာဝန်ယူထားသော တက္ကသိုလ်များတွင် ဘာသာရပ်အမျိုး ၂၀ ကို ပါရဂူဘွဲ့ အထိလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ယူထားသော တက္ကသိုလ်များတွင် အင်ဂျင်နီယာအသုံးချသိပ္ပံနှင့် ကွန်ပျူတာဘာသာရပ်များကို ပါရဂူဘွဲ့အထိလည်းကောင်း တိုးမြှင့်သင်ကြားလျက်ရှိသည်။

အခြေခံပညာကဏ္ဍ၌ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ ကျောင်းရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် အခြေခံပညာကျောင်း ၄၀၀၄၉ ကျောင်းအထိ တိုးတက်လာခဲ့သည်။ မူလတန်းလွန်ကျောင်းများ တီထွင်ဖွင့်လှစ်ပေးခဲ့သည်မှာ ယခုဆိုလျှင် ကျောင်းပေါင်း ၃၈၀၀ရှိနေပြီဖြစ်သည်။

အဆင့်မြင့် ပညာကဏ္ဍအနေဖြင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုတွင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၄ ခုအထိ ဖွင့်လှစ်နိုင်ပြီ ဖြစ်ပေသည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသားပေါင်း တစ်သိန်းသုံးသောင်းကျော်ရှိခဲ့ရာမှ ယခုဆိုလျှင် ရှစ်သိန်းကိုးသောင်းကျော် ရှိနေပြီဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် မဟာဘွဲ့၊ ပါရဂူဘွဲ့ အပါအဝင် ဘွဲ့အမျိုးအစားပေါင်း ၁၅၀ အထိ တိုးချဲ့သင်ကြားပေးနေပြီဖြစ်သည်။

ဆေးတက္ကသိုလ်များတွင်လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့များကို တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

နည်းပညာကဏ္ဍတွင် နည်းပညာတက္ကသိုလ် လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တစ်ခု၊ ရေကြောင်းပညာတက္ကသိုလ် တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကိုးခုအထိ တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်ပေသည်။

ဤသို့အားဖြင့် နိုင်ငံတော်၏ မျက်မှောက် သမိုင်းခေတ်သည် အနာဂတ်နိုင်ငံတော်သစ်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာစေရန် အခြေခံကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပျိုးထောင်မွေးထုတ်လျက်ရှိသည်။ စင်စစ် မြန်မာနိုင်ငံသည် မြေသယံဇာတ အရင်းအမြစ်၊ ရေသယံဇာတ အရင်းအမြစ်များရှိပြီးဖြစ်ရာ ယင်းသယံဇာတအရင်းအမြစ်များအား ဖော်ထုတ်သုံးစွဲနိုင်သော ခေတ်မီအတတ်ပညာ၊ နည်းပညာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ပညာရေးကဏ္ဍ၌ စွမ်းဆောင်ရည်များ မြင့်မားစေရန် မြှင့်တင်ပေးလျက်ရှိသည်။

ထို့ကြောင့်လည်း နိုင်ငံတော် အစိုးရသည် နိုင်ငံတော်၏လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ချမှတ် လမ်းညွှန်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော် အစိုးရသည် ပညာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်နိုင်ရေးအတွက် နိုင်ငံတကာ အဆင့်မီ ပညာရပ်များကို တိုးချဲ့သင်ကြားရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသား ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဘက်စုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံနှင့်အဝန်း ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့အားဖြင့် ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၆၁၇ ရုံရှိရာမှ ယနေ့ကာလတွင် ၇၅၇ အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်သကဲ့သို့ နယ်စပ် ဒေသများတွင်လည်း ဆေးရုံ ၁၃ ရုံနှင့် တိုက်နယ်ဆေးရုံ ၃၇ ရုံကို ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံနှင့်အဝန်း ဆေးပေးခန်းပေါင်း ၄၂၉ ခန်း၊ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၄၁၄ဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၃၄၈ ဌာန၊ ဒေသန္တရကျန်းမာရေးဌာန ၈၄ဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့ ၈၀၊ တိုင်းရင်းဆေးခန်း ၂၁၄ ခန်း တို့ကို ဖွင့်လှစ်ပြီး တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို စဉ်ဆက်မပြတ်လက်ဆင့်ကမ်းသင်ကြားမည့် ဆေးပညာရှင်များမွေးထုတ်ရေးအတွက်ဆေးနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ် ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာရှိခဲ့ပြီး ယနေ့ကာလတွင် ဆေးတက္ကသိုလ် ငါးခုနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် သူနာပြုတက္ကသိုလ် သုံးခု၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခုတို့ကိုလည်း အသစ်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ အလားတူပင် တိုင်းနှင့်ပြည်နယ်များတွင်လည်း ၁၉၈၈ ခုနှစ်က သူနာပြု သင်တန်းပေါင်း ၂၈ ကျောင်းရှိခဲ့ရာမှ ယနေ့ကာလတွင် ၄၃ ကျောင်းအထိ တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ဆေးတက္ကသိုလ်များတွင် သာမန်ဆေးပညာဘွဲ့အပြင် ဆေးလက်တွေ့ပါရဂူသင်တန်း ခုနစ်မျိုး၊ ဆေးပညာမဟာသိပ္ပံသင်တန်း ၂၀ မျိုး၊ ဆေးပညာဒီပလိုမာ သင်တန်းခြောက်မျိုး၊ ဆေးဘက်ဆိုင်ရာနှင့် ဆေးဝါး

၂၀၀၂ခုနှစ် ဩဂုတ် ၁၁ ရက်က ရန်ကုန်မြို့တွင် အောင်မြင်စွာခွဲစိတ်ခဲ့သည့် တင်ပါးဆုံချင်းဆက် အမြွှာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင်။

(မြန်မာ့ဆေးပညာရှင်များ၏ တင်ပါးဆုံပိုင်းဆက်အမြွှာ ခွဲစိတ်အောင်မြင်မှုမှာ ကမ္ဘာပေါ်တွင် ၁၉ မြွှာမြောက် အောင်မြင်မှုဖြစ်သည်။ မြန်မာ့ဆေးပညာသမိုင်း၏ ထူးခြားသောအောင်မြင်မှုဟု ဆိုရမည်ဖြစ်ပေသည်။)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

အကြောင်းအရာ	၁၉၈၈ခုနှစ်	၂၀၀၃ခုနှစ်
အခြေခံပညာ ကျောင်းသူကျောင်းသား	၅၂၃၉၈၇၈	၇၅၅၀၈၉၆
အခြေခံပညာ ဆရာ၊ ဆရာမ	၁၇၃၀၀၀	၂၂၂၀၀၀
တက္ကသိုလ် ဆရာ၊ ဆရာမ(ပါမောက္ခမှနည်းပြ)	၆၅၀၀	၁၆၆၀၀
ဘွဲ့များ	မဟာဘွဲ့ တစ်မျိုးတည်းသာ	မဟာဘွဲ့နှင့်ပါရဂူဘွဲ့ အမျိုးအစားအပါအဝင် ဘွဲ့အမျိုးအစား ၃၁၃ မျိုး
မဟာဘွဲ့ရ	၂၆၆	၉၄၇၄
ပါရဂူဘွဲ့ရ	–	၂၀၆
အခြေခံပညာကျောင်းပေါင်း	၃၃၇၄၇ ကျောင်း	၄၀၀၄၉ ကျောင်း
တက္ကသိုလ်၊ ကောလိပ်	၃၂ ခု	၁၅၄ ခု
တက္ကသိုလ်၊ ကောလိပ်ကျောင်းသား	၁၃၀၀၀၀ ကျော်	၈၉၀၀၀၀ ကျော်
နည်းပညာတက္ကသိုလ်	–	၄ ခု
ကွန်ပျူတာတက္ကသိုလ်	–	၂ ခု
လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်	–	၁ ခု
ရေကြောင်းပညာတက္ကသိုလ်	–	၁ ခု
နည်းပညာ ကောလိပ်	–	၂၆ ခု
ကွန်ပျူတာကောလိပ်		၂၄ ခု

ဆိုင်ရာ ဒီပလိုမာသင်တန်း လေးမျိုးတို့ကိုလည်း တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် ဆေးဝါးကုသမှုအရည်အသွေးမြင့်မားစွာ ပေးနိုင်ရန် ခရိုင်အဆင့်ဆေးရုံများ၌ အထူးကုဘာသာရပ်ခြောက်မျိုးအတွက် ခရိုင်အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ် တိုင်းဆေးရုံကြီးများတွင် အထူးကုဘာသာရပ် ၁၂မျိုးအတွက် အထူးကုဆရာဝန်ကြီးများကို တိုးတက်ခန့်ထားပေးခဲ့သည်။ ဆေးရုံများတွင် ခေတ်မီကုသမှု အထောက်အကူပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းဖြင့် ကုသမှုများမှာ အဆင့်မြင့်မား လာခဲ့ပြီး နှလုံးခွဲစိတ်ခြင်း၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ဆေးပညာဆိုင်ရာ တိုးတက်မြင့်မားလာသည်နှင့်အမျှ ကျန်းမာရေးကဏ္ဍတွင် ထူးခြားသောအောင်မြင်မှုမှတ်တိုင်များကို အောက်ဖော်ပြပါဇယားဖြင့် မှတ်တမ်းတင် တွေ့ရှိရမည်ဖြစ်သည်။

အကြောင်းအရာ	၁၉၈၈	၂၀၀၃
ကိုယ်ခန္ဓာချင်းဆက်အမြှာ ခွဲစိတ်ကုသအောင်မြင်မှု	၁ ကြိမ်	၃ ကြိမ်
ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသအောင်မြင်မှု	–	၉ ကြိမ် (၂၂ ယောက်)
လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသအောင်မြင်မှု	–	၂ ကြိမ်
စုစုပေါင်း	၁ ကြိမ်	၁၄ ကြိမ်

မြန်မာနိုင်ငံတွင်ဖြစ်ပွားတတ်သော ကျောက်ရောဂါ၊ အနာကြီးရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ အိုင်အိုဒင်းချို့တဲ့မှု ရောဂါ၊ ပိုလီယိုအကြောသေ ရောဂါများ လုံးဝပပျောက်စေရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရခဲ့ပြီဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် အနာကြီးရောဂါကင်းဝေးသော နိုင်ငံအဖြစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တညီတညွတ်တည်း အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုခဲ့ကြသည်။ ပိုလီယိုရောဂါ လုံးဝပပျောက်ရေးစီမံကိန်းတွင် ပိုလီယိုရောဂါများ မတွေ့ရတော့သည်သာမက Wild Polio Virus လည်း ရှာဖွေမတွေ့ရှိတော့သဖြင့် ရည်မှန်းချက်ကာလအတွင်း ပိုလီယိုရောဂါ မြန်မာပြည်တွင် ကင်းစင်ကြောင်း ကြေညာနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဘဝ အဆင့်အတန်းမြင့်မားလာရေးနှင့် မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းများအား ပံ့ပိုးကူညီရန် ဖွဲ့စည်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး၊ ကလေးများကာကွယ်ဆေးထိုးခြင်း၊ အာဟာရတိုက်ကျွေးခြင်း၊ တီဘီရောဂါ တိုက်ဖျက်ရေး၊ အနာကြီးရောဂါ တိုက်ဖျက်ရေး၊ နာခေါင်းကွဲ၊ အာခေါင်ကွဲရောဂါကုသရေး၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်လာသဖြင့် ၁၉၈၈ ခုနှစ်တွင် တိုင်းရင်းဆေးရုံနှစ်ရုံရှိရာမှ ယနေ့ကာလတွင် တိုင်းရင်းဆေးရုံ ၁၀ ရုံနှင့် တိုင်းရင်းဆေးပေးခန်း ၂၁၄ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများ၊ တိုင်းရင်းဆေးဆရာ ညီလာခံများကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးပညာရပ်များဖြင့် ပိုမိုထိရောက်အစွမ်းထက်သောကုသမှုများ၊ ကုထုံးများရရှိလာစေခဲ့သည်။ ယင်းနှင့်တစ်ဆက်တည်း အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ပရဆေးဥယျာဉ် ကိုးခုကို ထူထောင်ပေးနိုင်ခဲ့ပြီး တိုင်းရင်းဆေးဆရာများ၏ အရည်အသွေး မြင့်မားလာစေရန် ယခင်တိုင်းရင်း ဆေးသိပ္ပံကို တိုင်းရင်းဆေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးခဲ့သည်။

ဤသို့အားဖြင့် တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် အကောင်အထည်ဖော်ပေးနေသကဲ့သို့ တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာပညာရပ်များ၊ ဗဟုသုတ များ၊ ကြိုတင်ကာကွယ်မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင် သဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ ကျန်းမာကြံ့ခိုင်ကာ သက်တမ်း ပိုမိုရှည်လာကြပြီ ဖြစ်သည်။

ဤသို့လျှင် နိုင်ငံတော်တော်အစိုးရသည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ် ပေါက်လာရေးနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လူမှုဘဝကိုလည်းကောင်း၊ အမျိုးသားပညာရည် မြင့်မားရေးအတွက်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများ မြင့်မားတိုးတက်ရေးအတွက်လည်းကောင်း စဉ်ဆက်မပြတ်ကြိုးပမ်းတည်ဆောက်နေခြင်းဖြင့် “ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်လာသော ပြည်သူ့ဘဝ”သို့ ရောက်ရှိမည်မှာ ဧကန်မုချဖြစ်ပါတော့သည်။ ။

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ရန် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် လူမှုဖူလုံရေးအဖွဲ့၏ ခုတင် (၁၀၀)ဆံ့ အဆုတ်ရောဂါကု ဆေးရုံကြီး။

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၃ ရက်က မြန်မာ ဆရာဝန်ကြီးများ ကိုယ်တိုင် ကျောက်ကပ်အစားထိုး ခွဲစိတ် ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ပညာသင်ယူမှု အခွင့်အလမ်းများ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက် တိုးပွားဖြစ်ထွန်းလာစေရန် အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေး လျက်ရှိရာ တနင်္သာရီတိုင်း ထားဝယ်တက္ကသိုလ်ကို ဤသို့ တွေ့ရသည်။

သားငါးပွံ့ဖြိုး ဖြည့်အကျိုး

■ *ကျောဖုံးမှ*

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်း မိမိတို့ဌာနအလိုက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဒီဇင်ဘာ ၃၀ ရက်က နန်ကောင်းချောင်း(မိုးကောင်း)တံတား တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်အဆင့်တိုးမြှင့်ပေးခြင်း၊ အခြေခံပညာကျောင်းများအဆင့်မြှင့်ပေးခြင်းလုပ်ငန်းများ၊ တံတားများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို စီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် မိုးကောင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏လိုအပ်ချက်များ၊ လိုလားချက်များ လေ့လာဖြည့်ဆည်း ပေးနိုင်ရန်လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး

ယခုအကြိမ် ကချင်ပြည်နယ် ခရီးစဉ်အတွင်း ပူတာအိုခရိုင် အစွန်အဖျားနယ်စပ်ဒေသများအထိသွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီးနောက် ယနေ့ မိုးကောင်းမြို့နှင့် မိုးညှင်းမြို့တို့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့မိုးကောင်းမြို့တွင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေခံများကို ယခုပင် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်ပေးခဲ့

မိုးကောင်းမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံကို ခုတင်(၅၀)ဆံ့ အဆင့်တိုးမြှင့်ပေးရန်နှင့် မြို့နယ်အတွင်း တိုက်နယ်ဆေးရုံ တစ်ခုတိုးချဲ့ဖွင့်လှစ်ပေးရန် စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အလားတူပင် တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းသုံးကျောင်းကို အလယ်တန်းကျောင်းခွဲအဆင့်တိုးမြှင့်ပေးရန်နှင့် မူလတန်းအချို့အတွက် ကျောင်းဆောင်သစ်များ အပြီးသတ် ဆောက်လုပ်နိုင်ရန် ညှိနှိုင်းစီမံပေးခဲ့ပြီးဖြစ်ကြောင်း။

မိုးကောင်းဒေသသည်ယခင်ကာလက နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပီပြင်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ကြောင်း။

တက်ညီလက်ညီကြိုးစား

ယခုအခါတွင် နယ်မြေဒေသအေးချမ်းသာယာလာပြီဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဦးစားပေးဆောင်ရွက်လာနေသည်နှင့်အမျှ ဒေသရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ ပိုမိုမြင့်မားလာစေရမည်ဆိုသည့် ခံယူချက်ဖြင့် တက်ညီလက်ညီကြိုးစားဆောင်ရွက်ကြဖို့လိုကြောင်း။

မိုးကောင်းမြို့သည် သမိုင်းအစဉ်အလာကြီးမားသော မြို့တစ်မြို့ဖြစ်သည့်အပြင် မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပေါ်တွင်လည်းရှိသည့်အတွက် လက်ရှိအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ကောင်းကြောင်း။

ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ ပင်မသုံးထပ်ဆောင်နှင့် ဝဲယာ နှစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာလာသည်မှာ (၁၀)နှစ်ရှိခဲ့ပြီဖြစ်ရာ အစွန်အဖျားဒေသများအထိ အေးချမ်းစွာ သွားလာနိုင်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပီပြင်ထိရောက်စွာဆောင်ရွက်နိုင်မှုအခွင့်အလမ်းများဖြစ်ထွန်းလာခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း။

အားသွန်ခွန်စိုက်ဆောင်ရွက်

ယင်းသို့ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများရရှိဖြစ်ထွန်းနေသည့်အချိန်အခါတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လက်ရှိအခြေအနေကို နှစ်သိမ့်ရောင့်ရဲမနေဘဲ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြဖို့မှာကြားလိုကြောင်း။

တစ်စိတ်တည်းတစ်ဝမ်းတည်း

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် တစ်ဦးတစ်ယောက်ကောင်းမဟုတ်ဘဲ ဌာနအားလုံး ပူးပေါင်းပါဝင်သည့် ကော်မတီများကို ဖွံ့ဖြိုးမှုကဏ္ဍအလိုက်ဖွဲ့စည်းကာ မိမိတို့တာဝန်ကျရာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအားလုံး၏ စုစည်းညီညွတ်သည့်စွမ်းအား၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်မှုစွမ်းအား၊ တီထွင်ကြံဆကြိုးပမ်းမှုစွမ်းအားတို့ပေါင်းစပ်ပြီး တစ်စိတ်တည်းတစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

မြို့မိမြို့ဖ တိုင်းရင်းသား ပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရမှာသာ တာဝန်ရှိသည်ဟု သဘောမထားဘဲ မိမိရပ်ရွာ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုကြောင်း။

ပူးပေါင်းမှုစွမ်းအားမြင့်မား

မြန်မာနိုင်ငံသည် အလျှံပယ်ချမ်းသာကြွယ်ဝသည့် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ မဟုတ်သေးသည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားသည် ကြီးမားသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း။

အထူးသဖြင့် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားသည် ပဓာနဖြစ်ရာ ယင်း အမျိုးသားရေးပန်းတိုင်သို့ ချီတက်လျှောက်လှမ်းမည့် မူဝါဒ လမ်းစဉ်ခုနစ်ရပ်အောင်မြင်စွာအကောင်အထည်ပေါ်လာစေရေးအတွက် တိုင်းရင်းသား ပြည်သူများအားလုံးက စည်းလုံးညီညွတ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်မိုးကောင်းမြို့ အမှတ်(၁) နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် အင်ဗာတာစက်များကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နန်ကောင်းချောင်း(မိုးကောင်း) တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်ရေးလုပ်ငန်း (၉၀)ရာခိုင်နှုန်း ပြီးစီးနေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဒီဇင်ဘာ ၃၀ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့ မိုးညှင်းအစိုးရစက်မှုလက်မှုသိပ္ပံ၏ ပင်မသုံးထပ်ဆောင်နှင့် ဝဲယာ နှစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတား ကို သတ်မှတ်ချက်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရန် မှာကြားပြီး တံတား၏ တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နန်ကောင်းချောင်း(မိုးကောင်း) တံတားမှာ မိုးကောင်းမြို့နယ် ရွှေဘို–မြစ်ကြီးနား ကားလမ်းပေါ်တွင် တည်ရှိသည်။ တံတားအရှည်မှာ ၉၄၅ ပေ၊ ယာဉ်သွားလမ်းအကျယ်မှာ ပေ ၂၀ ဖလက်မ နှစ်လမ်းမောင်း ဖြစ်သည်။ တံတားအမျိုးအစားမှာ အောက်ပိုင်း သံကူကွန်ကရစ်ရက်မ အပေါ်ထည် သံပေါင်အမျိုးအစား တံတားဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီး စိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်း အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိကြရာ တည်ဆောက်ရေးလုပ်ငန်းခွင်၌ Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက စက်မှုလက်မှုသိပ္ပံ၏ သုံးထပ်ပင်မဆောင်နှင့် ဝဲယာနှစ်ထပ်ဆောင်များ တည်ဆောက်ပြီးစီးနေမှုကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မိုးညှင်း အစိုးရ စက်မှုလက်မှုသိပ္ပံ၏ သင်ကြား၊ စီမံကိန်းရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပညာသင်ကြားနေမှုကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရ စက်မှုလက်မှုသိပ္ပံ၏ ပင်မသုံးထပ်ဆောင်နှင့် ဝဲယာနှစ်ထပ်ဆောင်များ တည်ဆောက်ရေးလုပ်ငန်းနှင့် ကျောင်းအဆောက်အအုံသစ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်ရှေ့၌ ခရေပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်း ဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးသန်းညွန့်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိက၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စာသင်ခန်းများ၊ e-Education Learning Centre၊ Computer Training Centreနှင့် Languge Lab တို့၌ ကျောင်းသား ကျောင်းသူများ သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒီဂရီကောလိပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒီဂရီကောလိပ်ခန်းမ၌ Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ပထမဆင့်တွင် ဒီဂရီကောလိပ် ပင်မသုံးထပ်ဆောင်နှင့် ဆက်စပ်တည်ဆောက်ထားသည့် ဝဲယာနှစ်ထပ်ဆောင်များ တည်ဆောက်ပြီးစီးနေမှု၊ ဒုတိယဆင့်တွင် ဝဲယာနှစ်ထပ်ဆောင်များ တိုးချဲ့တည်ဆောက်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပထမနှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ သင်ကြားလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားကျောင်းသူဦးရေ၊ ဆရာ ဆရာမအင်အား၊ ကွန်ပျူတာ ၉၂ လုံးအသုံးပြုပြီး IT ခန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်က နိုင်ငံတော်ဝန်ကြီးချုပ် မိုးညှင်းမြို့သို့ ယခင်ရောက်ရှိခဲ့စဉ်က လမ်းညွှန် မှာကြားချက်များအပေါ် အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် လယ်ယာမြေသစ်ဖော်ထုတ်ခြင်း၊ စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်ခြင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ မြဝတီရုပ်သံလွှင့်စက် တပ်ဆင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် မိုးညှင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မျက်မြင်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရေးအတွက် မိမိဦးဆောင်ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် မိုးညှင်းမြို့သို့လာရောက်ခဲ့ကြသည်မှာ ယခုနှစ်အတွင်း သုံးကြိမ်ရှိခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဒီဇင်ဘာ ၃၀ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့ ဥရုရတနာရိပ်သာ၌ နိုင်ငံတော်နှင့် ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီများ၏ အကျိုးတူလုပ်ကွက်မှ ထွက်ရှိသော ကျောက်စိမ်းတုံးများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးအစီအမံများချမှတ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြီးအတွင်း ဖွံ့ဖြိုးတိုးတက်မှု၌ ကွက်လပ်သဖွယ် ကြွင်းကျန်နေသည့် နယ်မြေဒေသများတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ပေးရေး၊ ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်များ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ စီးပွားရေး၊ လူမှုရေး အခြေခံများတိုးတက် မြင့်မားရေးတို့အတွက် ဖွံ့ဖြိုးတိုးတက်ရေး အထူးအစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လမ်းညွှန်မိန့်ကြားထားခဲ့ကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ မူဝါဒ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးမှု၌ အကြားအလပ်သဖွယ် ကျန်ရှိနေသည့် နယ်မြေဒေသများကို ဖော်ထုတ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် မိုးညှင်းမြို့နယ်ကိုလည်း ထည့်သွင်း စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုဆိုလျှင် မိုးညှင်းမြို့၌ ဒီကရီကောလိပ်တစ်ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံတစ်ခုတို့ကို ထူထောင်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ခြောက်လမျှသောအချိန်ထိုကာလအတွင်း ခံ့ညားထည်ဝါသော ခေတ်မီ အဆောက်အအုံများနှင့်တကွ နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ကောလိပ်၊ သိပ္ပံတို့၏အင်္ဂါရပ်များနှင့်အညီအပြည့် အစုံပါဝင်သည့် ဒီဂရီကောလိပ် တစ်ခုနှင့် စက်မှုလက်မှု သိပ္ပံတစ်ခုတို့ပေါ်ထွန်းလာခြင်းမှာ နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသော စေတနာနှင့် စွမ်းဆောင်မှုတို့ကို ပေါ်လွင်ထင်ရှားစေလျက်ရှိကြောင်း။

မိမိတို့အစိုးရ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေစဉ်ကာလတစ်လျှောက် ပြည်သူများအကျိုးစီးပွားအတွက် ဆောင်ရွက်သည့်လုပ်ငန်း မှန်သမျှကို မဖြစ်မနေဖြစ်မြောက်အောင်မြင်စေရမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်နှင့်အညီ မိုးညှင်းမြို့တွင်လည်း မြို့ကျက်သရေဆောင် ဒီဂရီကောလိပ်နှင့် စက်မှုလက်မှုသိပ္ပံတို့ကို ယခုကဲ့သို့ အချိန်တိုကာလအတွင်း ဖြစ်မြောက်အောင် တည်ထောင်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

အလားတူပင်ကျန်းမာရေးကဏ္ဍ၌လည်း ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် မိုးညှင်းပြည်သူ့ဆေးရုံကို ခုတင်(၂၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

အမွေခံကောင်းဖြည့်ဆည်း

ယင်းကဲ့သို့ ပညာရေး၊ ကျန်းမာရေးအခြေခံအဆောက်အအုံသစ်များကို မည်သူ၏တောင်းခံမှုမျှ မပါဝင်ဘဲ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော စေတနာသက်သက်ဖြင့် ထူထောင်ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် မိမိ၏ပြည်သူများအား မိဘက သားသမီးများအပေါ် ထားရှိသည့် မေတ္တာစေတနာစိတ်ထားဖြင့် အမွေခံ ကောင်းများကို မတောင်းခံဘဲ ဖြည့်ဆည်းပေးနေသည့် သဘောပင် ဖြစ်ကြောင်း။

ပြည်သူ့တာဝန်ကျေပွန်

သို့ဖြစ်သည်နှင့်အညီ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံတော်အစိုးရက မိမိတို့အပေါ် ထားရှိသည့် ဖြူစင်မွန်မြတ်သော မေတ္တာစေတနာကို သိမြင်နားလည်သဘောပေါက်ပြီး ပြည်သူများဘက်က ကျင့် ကြံဆောင်ရွက်ရမည့် ပြည်သူ့ကျင့်ဝတ်နှင့် ပြည်သူ့တာဝန်များကို ကျေပွန်စွာ တုံ့ပြန်ဆောင်ရွက်ကြဖို့ လိုကြောင်း။

ပူးပေါင်းပါဝင်

ပြည်သူများ၏ ကျင့်ဝတ်နှင့် တာဝန်များမှာလည်း နိုင်ငံတော်အစိုးရအပေါ် တုံ့ပြန်ပေးဆပ်ရန် မဟုတ်ဘဲ မိမိတို့ပြည်သူများနှင့်တကွ မိမိတို့၏ ပြည်ထောင်စုကြီး၏ အကျိုးစီးပွား သက်သက်ဖြစ်သည့် ပြည်ထောင်စုကြီး မပြိုကွဲစေဘဲ အစွန့်ရှည်တည်တံ့ခိုင်ခံ့ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ ရရှိထားသည့် လွတ်လပ်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရမှုမရှိစေဘဲ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါး အစဉ်ထာဝရ ဖြစ်ထွန်းနေစေရအောင် စိတ်စေတနာမှန်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်သာဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တက်ကြွစွာ စီမံခန့်ခွဲမှုတို့ မှန်ကန်စွာ ပေါင်းစည်းမိမည်ဆိုလျှင် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

ဒီမိုကရေစီ နိုင်ငံတော်ကြီးသည်လည်း အမြန်ဆုံးပေါ်ထွန်းလာမှာဖြစ်ကြောင်း။

တက်ညီလက်ညီပူးပေါင်း

ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက မိမိရပ်ရွာ မိမိဒေသ ဖွံ့ ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုများ ထိုက်တန် စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင်တစ်စိတ်တည်း တစ်ဝမ်းတည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးညှင်းမြို့ အမှတ်(၁)နှင့်အမှတ်(၂)အခြေခံ ပညာအထက်တန်း ကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ မီးအားမြှင့်စက်တို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လူမှုရေး အသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် ဖားကန့်ကျောက်စိမ်းရတနာနယ်မြေသမိုင်းမှတ်တမ်းမော်ကွန်းကမ္ပည်းကျောက်စာတိုင် ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီခွဲတွင် ဖားကန့်မြို့ အမှတ်(၁) လမ်းမကြီးနံဘေးရှိ အဆိုပါ မော်ကွန်းကမ္ပည်းကျောက်စာတိုင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကမ္ပည်းကျောက်စာဖွင့်

အစီအစဉ်အရ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖားကန့် ကျောက်စိမ်းရတနာနယ်မြေ သမိုင်းမှတ်တမ်းမော်ကွန်းကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်ခလုတ်နှိပ်၍ ဖားကန့် ကျောက်စိမ်းရတနာနယ်မြေ သမိုင်းမှတ်တမ်း မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖားကန့် ကျောက်စိမ်းရတနာနယ်မြေသမိုင်းမှတ်တမ်း မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ဖားကန့်မြို့ ဥရုရတနာရိပ်သာသို့ ရောက်ရှိကြပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိကကျောက်မျက်ကုမ္ပဏီများ၏ အကျိုးတူလုပ်ကွက်များမှထွက်ရှိသော ကျောက်စိမ်းတုံးများကို ကြည့်ရှုကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖားကန့်မြို့ ဥရုရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကာမိုင်းနှင့် ဖားကန့် အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာနှင့် မာတိမီဒီယာသင်ထောက်ကူပစ္စည်းများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက်စစ်ဗျူဟာမှူးဗိုလ်မှူးကြီး တင်ရှိန်က ဖားကန့်မြို့နှင့်ဆက်သွယ်နေသော ကာမိုင်း၊ မိုးညှင်းလမ်းများ အဆင့်မြှင့်မွမ်းမံရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ဆက်သွယ်ရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

အဓိကရတနာမြေ

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ကျောက်စိမ်းရတနာမြေ၊ ပတ္တမြားရတနာမြေ စသည့် တန်ဖိုးမဖြတ်နိုင်သည့် ရှားပါးရတနာမြေများ များပြားစွာ ပေါ်ထွန်းလျက်ရှိရာ ဖားကန့်ဒေသသည်လည်း အဓိက ရတနာမြေတစ်ခုအဖြစ် ပါဝင်လျက်ရှိကြောင်း။

အဖိုးထိုက်တန်လှသည့် ရတနာမြေတစ်ခုဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်အောင် ရတနာတူးဖော်မှုလုပ်ငန်းများ ဥပဒေနှင့်ညီညွတ်ပြီး စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

ရှားပါးလှသည့် ရတနာမြေတစ်ခုဖြစ်သည့်အလျောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများလည်း ဖြစ်ထွန်းလျက်ရှိရာ နိုင်ငံတော်၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရအောင် မိမိတို့ ဖားကန့်ရတနာမြေ၏ ဂုဏ်သတင်းလည်း ပိုမိုကျော်ကြားစေရအောင် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နမ့်မော်လုပ်ကွက် အမှတ် (၁၀၉)သို့ ရောက်ရှိကြရာ ပတ္တမြားနဂါးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နမ့်မော်လုပ်ကွက်(၁၀၉)မှ ထွက်ရှိပြီး နိုင်ငံတော်သို့ ပတ္တမြားနဂါးကုမ္ပဏီလီမိတက်ကလှူဒါန်းထားသော တန်ချိန် ၃၀၀၀ ရှိ ကျောက်စိမ်းတုံးကြီးကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ ကချင်ပြည်နယ် အထူးဒေသ(၁)တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်း၊ အထူးဒေသ(၂) တိုင်းရင်းသားခေါင်းဆောင် ဦးလမုန်တူးချိုင်၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက မြစ်ကြီးနားလေဆိပ်သို့ပို့ဆောင်နှုတ်ဆက်ကြသည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

◆ ပြည်သူချစ်သောမှ

အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ခဲ့သည်။

တည်းဖြတ် ထူးချွန်ဆုကို ငါ သူတစ်ပါး ယောကျ်ားမိန်းမဆေးရောင်စုံဇာတ်ကားမှ ဇော်မင်း(ဟံသာမြေ)က ရရှိသည်။ ရုပ်ရှင်ဇာတ်ကား တည်းဖြတ်ရာတွင် ရုပ်နှင့်အသံကိုက်ညီမှု၊ ရိုက်ချက်နှင့်အမူအရာ ကိုက်ညီမှု၊ အကောင်းဆုံးရိုက်ချက်များကို ဇာတ်ကားတစ်ခုလုံး စ–ဆုံး တင်ပြနိုင်မှုကြောင့် ချီးမြှင့်သည့်ဆုဖြစ်သည်။ ဇော်ဝင်း(ဟံသာမြေ)က "သူ၏ အနုပညာသက်တမ်း အနှစ်သုံးဆယ်တာ ကာလအတွင်းပိတ်ကားနောက်ကွယ်မှ ပညာရှင်တစ်ဦး ယခုကဲ့သို့ ထူးချွန်ဆုရရှိသည့်အတွက် အလွန်ပင် ဝမ်းသာမိကြောင်း" ပြောကြားသည်။

ဇာတ်ညွှန်းဆုကို ငါ သူတစ်ပါး ယောကျ်ားမိန်းမ ဆေးရောင်စုံဇာတ်ကားမှ ငြိမ်းမင်းက ရရှိသည်။ ဇာတ်ညွှန်းဆုသည် ဝတ္ထုစာရွက်ပေါ်မှ ပိတ်ကားပေါ် ရောက်သည်အထိ ဇာတ်လမ်းဇာတ်ကွက်များကို ပီပြင်အောင် ဖန်တီးနိုင်မှု၊ ရိုက်ချက်တစ်ခုချင်းစီအလိုက် မှန်ကန်မှု၊ အဆက်အစပ်မှန်ကန်မှုတို့အပေါ် ဆုချီးမြှင့်သည့် ဆုဖြစ်သည်။ ငြိမ်းမင်းက "လူအများသိရန်ခက်ခဲသောစကားလုံးများကို လူအများသိအောင် ခက်ခဲနက်နဲစွာကြိုးပမ်းအားထုတ်ခဲ့ကြောင်း" ပြောကြားသည်။

ထို့နောက် အမျိုးသမီးဇာတ်ပို့ဆုအဖြစ် ဒါရိုက်တာပန်းချီစိုးမိုး ခြယ်မှုန်းသည့် ငါ သူတစ်ပါး ယောကျ်ားမိန်းမဇာတ်ကားမှ မေသန်းနုက ရရှိသည်။ မေသန်းနုသည် မူပိုင်ချစ်သူ၊ ပုဂံမှာသာတဲ့လ၊ အလင်းဖျော့ကောင်းကင်၊ ချစ်ခြင်း၏အခြားမဲ့၌ ဇာတ်ကားများတွင် ဆုရရှိခဲ့ခြင်းကြောင့် ယခုချီးမြှင့်သည့်ဆုအပါအဝင် အကယ်ဒမီငါးဆုရရှိသွားပြီဖြစ်သည်။ မေသန်းနုသည် ယင်းဇာတ်ကား၌ ဆင်းရဲပြီး စရိုက်ကြမ်းသော်လည်း မိဘမေတ္တာကို ပီပြင်အောင် သရုပ်ဆောင်ထားသည်။ မေသန်းနုက "ပထမဆုံးဇာတ်ပို့ဆုရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်မိပါကြောင်း" ပြောကြားသည်။

ယင်းနောက် တေးဂီတဆုအဖြစ် ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဇာတ်ကားမှပင် ခင်မောင်ကြီးက ရရှိသည်။ တေးဂီတဆုသည် ဇာတ်ကားတစ်ခုလုံး ဇာတ်လမ်းနှင့် ကိုက်ညီသည့် တေးသွားများ၊ သံစဉ်များ ရောနှောဖန်တီးမှု အတတ်ပညာများပင်ဖြစ်သည်။

ဆက်လက်၍ နောက်ထပ်တေးဂီတဆုအဖြစ် ဆန်ရေ ဇာတ်ကားမှ ဂီတလုလင်မောင်ကိုကိုက ရရှိသည်။ သူသည် မယ်သီတာလို မိန်းခလေး၊ တိုက်ပွဲခေါ်သံ ဆေးရောင်စုံဇာတ်ကားများတွင် တေးဂီတဆုရရှိပြီးဖြစ်၍ ယခုချီးမြှင့်သည့် ဆုအပါအဝင် တေးဂီတ ထူးချွန်ဆု သုံးဆုပိုင်ရှင်ဖြစ်သွားသည်။ ဂီတလုလင် ဦးကိုကိုက "သူ၏စိန်ရတုအသက်(၇၅)နှစ်တွင် ရွှေရတု ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ တတိယမြောက်ဆုကို ရရှိခြင်းကြောင့် အတိုင်းမသိဝမ်းသာမိပါကြောင်း" ပြောဆိုသည်။

ထိုမှ ဆက်လက်၍ အမျိုးသားဇာတ်ပို့ဆုအဖြစ် ဆန်ရေဇာတ်ကားမှ ညွှန့်ဝင်းက ရရှိသည်။ ညွှန့်ဝင်းသည် ယင်းဇာတ်ကားတွင် အရက်သမားကြီး တင်ကြိုင်အဖြစ် သရုပ်ဆောင်ထားပြီး မကောင်းမှုအရက်၏ နွံနစ်ခဲ့ရပုံများကို ပရိသတ်အား သတိပေးရိုက်ကူးထားခြင်းဖြစ်သည်။ သူသည် ယခင်က ဗန်တိုလူလေးနှင့်သူဇာ၊ ချစ်သူဝိုင်းဝိုင်းလည်၊ တတိယအရွယ်၏ ဒုတိယဝေဒနာ၊သီတာခုနစ်တန်၊သူ့ကျွန်မခံပြီ ဇာတ်ကားများဖြင့် ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီရပြီးဖြစ်သဖြင့် ယခုရရှိသည့်ဆုနှင့်ဆိုလျှင် အကယ်ဒမီခြောက်ဆုပိုင်ရှင်ဖြစ်သွားသည်။

ညွှန့်ဝင်းက "ယခုလို အနုပညာကို အနုပညာဟုသုံးသပ်ပြီး ဆုချီးမြှင့်သည့်အတွက် အလွန်ကျေးဇူးတင်မိကြောင်း၊ရုပ်ရှင်လောကမှာဒီထက်မက အောင်မြင်မှုများရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ထို့နောက် အကောင်းဆုံး ဇာတ်ကားဆုကိုချီးမြှင့်ရာ စာရေးဆရာမ ခင်စန်းမွန် ရေးသားသော တံလျှပ်၏ တစ်ဖက်ကမ်းမှာ ဝတ္ထုကို ပန်းချီစိုးမိုး ခြယ်မှုန်းသော ငါ သူတစ်ပါး ယောကျ်ား မိန်းမဇာတ်ကားက ရရှိသည်။ ထိုဇာတ်ကားသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၂၈ ကားမြောက် ချီးမြှင့်သည့်ကားဖြစ်သည်။

ယင်းနောက် အကောင်းဆုံး ဒါရိုက်တာဆုကိုချီးမြှင့်ရာ ကြယ်တံခွန်ရုပ်ရှင်ထုတ်လုပ်ရေးမှ ပြသသည့် ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဇာတ်ကားကို ရိုက်ကူးသည့် ဒါရိုက်တာ ပန်းချီစိုးမိုးကရရှိသည်။ ဒါရိုက်တာ ပန်းချီစိုးမိုးက ပြောကြားရာတွင် "သူသည် အဆိုပါဇာတ်ကား၏ ဝတ္ထုကို လွန်ခဲ့သော ခုနစ်နှစ်ကတည်းက စာပေဗိမာန်သို့သွားရင်း စာရေးဆရာမ မနှင်းဖွေးက စာမူကို ပြသသဖြင့် ဇာတ်ကားရိုက်ကူးရန် စိတ်ကူးခဲ့ရာမှ ယခုကဲ့သို့ ဇာတ်ကားရိုက်ဖြစ်အောင် ရိုက်ကူးခဲ့ကြောင်း၊ ယင်းဝတ္ထုမှာ တစ်ကမ္ဘာလုံးက တိုက်ဖျက်နေသည့် အေအိုင်ဒီအက်စ်နှင့် ဘာသာရေးကို အခြေခံထားသဖြင့် ရိုက်ကူးရန်ဆန္ဒဖြစ်ပေါ်ခဲ့ကြောင်း၊ စရိုက်ကြမ်းသည့် ပတ်ဝန်းကျင်တွင် စိတ်ဆိုသောတံခါးကို မပိတ်နိုင်၍ အမှားကိုပြင်ရန်ခက်သည်ဆိုသည်ကိုလည်း တင်ပြထားကြောင်း၊ သူ၏ ယခုဆုရ ရုပ်ရှင်ကားကြီးမှာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ ဂျာမနီနိုင်ငံ ဘာလင်မြို့နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့များမှာ ကျင်းပသည့် ရုပ်ရှင်ပွဲတော်များတွင် အထူးပင် ပရိသတ်၏ အားပေးမှုကို ရရှိသည့် ဇာတ်ကားကြီးဖြစ်ကြောင်း၊ ထိုကားတွင် တစ်ကမ္ဘာလုံးက တိုက်ဖျက်နေသည့် ဆေးလိပ်သောက်သုံးမှု ပြကွက်များ လုံးဝမပါအောင် ရိုက်ကူးထားကြောင်း၊ ဒါရိုက်တာတစ်ယောက်က ပညာရပ်ဆိုင်ရာများကို ဂဃနဏ သိထားပြီး သရုပ်ဆောင်များက ဒါရိုက်တာ၏ စီစဉ်ညွှန်ကြားမှုနှင့်အညီ ကြိုးစားဆောင်ရွက်လျှင် ပြောင်မြောက်သည့် ဇာတ်ကားတစ်ကားအဖြစ် ရနိုင်ပါကြောင်း"စသည်ဖြင့် မြန်မာ့အလင်းသို့ပြောကြားသည်။

နောက်ထပ်အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြသသည့် ဆန်ရေ ဇာတ်ကားက ရရှိသည်။ ထိုဇာတ်ကားသည် သားသမီးက မိဘအပေါ်ထားသည့် အဆန်မေတ္တာတရားကို ဖော်ကျူးထားခြင်းဖြစ်သည်။

တစ်ဖန် ထိုဆန်ရေဇာတ်ကားမှပင် ဒါရိုက်တာကြည်စိုးထွန်းက ဒါရိုက်တာဆုကိုရရှိသည်။ ဒါရိုက်တာကြည်စိုးထွန်းကပြောကြားရာတွင်"ဇာတ်လမ်းကောင်းရင် ကောင်းသလို သရုပ်ဖော်နိုင်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုဆိုသည်မှာ အားလုံးဝိုင်းဝန်းပံ့ပိုးမှ အောင်မြင်မှုရနိုင်ကြောင်း၊ ဒီထက်အောင်မြင်မှုရရန် ဆက်လက်ကြိုးစားပရိသတ်ကြီးကို အကယ်ဒမီဆုကြီးနှင့်အတူ နှုတ်ဆက်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ အနုပညာကို တကယ်ပင် မြတ်မြတ်နိုးနိုး ကြိုးပမ်းခဲ့ပြီး (၁၀)နှစ်တာ ကာလမှာ ယခုလိုအောင်မြင်မှု ရရှိခဲ့ကြောင်း" စသည်ဖြင့် ပြောကြားသည်။

အကယ်ဒမီဒါရိုက်တာနှစ်ဦး၏ အမှတ်တရ ပီတိအပြုံး။
(မြန်မာ့အလင်း)

သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။ သူသည် ဒိုး၊ သူ့ကျွန်မခံပြီဇာတ်ကားများတွင် ဆုရရှိခဲ့ခြင်းကြောင့် ယခုဆုနှင့်ဆိုလျှင် အကယ်ဒမီ သုံးဆုရှင်ဖြစ်သွားသည်။

ဆက်လက်၍ အမျိုးသားဇာတ်ဆောင်ဆုအဖြစ် ဒါရိုက်တာနောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးသော ရွှေမှုန်ကြဲတဲ့မိုးကောင်းကင်ဇာတ်ကားမှ လူမင်းက ရရှိသည်။ လူမင်းသည် အဆိုပါ ဇာတ်ကားတွင် အစ်ကို အေမောင်နှင့် ညီ အေမောင်အဖြစ် နှစ်ကိုယ်ခွဲ သရုပ်ဆောင်ထားသည်။ လူမင်းကပြောကြားရာတွင် "အနယ်နယ် အရပ်ရပ်က အားပေးကြတဲ့

ယင်းနောက် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုအဖြစ် ငါ သူတစ်ပါး ယောကျ်ားမိန်းမဇာတ်ကားမှ ခင်ဇာခြည်ကျော်က ရရှိသည်။ ခင်ဇာခြည်ကျော်သည် သက်ဝေအဖြစ် တစ်သွယ်၊ သုန္ဒရီအဖြစ်တစ်ဖုံ သရုပ်ဆောင်ထားပြီး မြန်မာမိန်းကလေးတစ်ဦးအနေဖြင့် ဘာသာရေးကို ကိုင်းရှိုင်းပုံ၊ ကြမ်းတမ်းသည့် ပတ်ဝန်းကျင်ကိုစွန့်ခွာ၊ ခက်ခဲနက်နဲသော ဗုဒ္ဓ၏ တရားတော်များကိုလိုက်နာကာ ဘဝကို ကြံ့ကြံ့ခံနိုင်ပုံများကို တင်ဆက်ပြသထားသည်။ ။

(မြန်မာ့အလင်း)

၂၀၀၂ ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင် ထူးချွန်ဆုရှင်များ

ဇာတ်ဆောင်ဆု(အမျိုးသား)

လူမင်း – ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်

ဇာတ်ဆောင်ဆု(အမျိုးသမီး)

ခင်ဇာခြည်ကျော် – ငါ သူတစ်ပါး ယောကျ်ား မိန်းမ

ဇာတ်ပို့ဆု(အမျိုးသား)

ညွှန့်ဝင်း – ဆန်ရေ

ဇာတ်ပို့ဆု(အမျိုးသမီး)

မေသန်းနု – ငါ သူတစ်ပါး ယောကျ်ား မိန်းမ

ဒါရိုက်တာဆု

ပန်းချီစိုးမိုး – ငါ သူတစ်ပါး ယောကျ်ား မိန်းမ

ကြည်စိုးထွန်း – ဆန်ရေ

အသံထူးချွန်ဆု

ဖိုးထောင်နှင့်အဖွဲ့ – ဆန်ရေ

ရုပ်ရှင်ဇာတ်ပုံဆု

ကျောက်ဖြူ(ပဒေသာ) – ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ

ရုပ်ရှင်တည်းဖြတ်ဆု

ဇော်မင်း(ဟံသာမြေ) – ငါ သူတစ်ပါး ယောကျ်ား မိန်းမ

ရုပ်ရှင်ဇာတ်ညွှန်းဆု

ငြိမ်းမင်း – ငါ သူတစ်ပါး ယောကျ်ား မိန်းမ

ရုပ်ရှင်တေးဂီတဆု

ခင်မောင်ကြီး – ငါ သူတစ်ပါး ယောကျ်ား မိန်းမ

ဂီတလုလင်မောင်ကိုကို – ဆန်ရေ

ရုပ်ရှင်ဇာတ်ကားဆု

ငါ သူတစ်ပါး ယောကျ်ား မိန်းမ

ဆန်ရေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ သွင်းကုန်အစားထိုး စက်ရုံများ

အကြောင်းအရာ	၁၉၈၈ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ စက်ရုံစီမံကိန်းများ				ဆောင်ရွက်ရန် ညှိနှိုင်းဆဲနှင့်လျာထားသည့်စီမံကိန်းများ	
	တိုးချဲ့ပြီး စီမံကိန်း	ရင်းနှီးမြှုပ်နှံမှု(သန်းဂဏန်း) ပြည်တွင်းငွေကျပ်	ဆောင်ရွက်ဆဲ စီမံကိန်း	ရင်းနှီးမြှုပ်နှံမှု (သန်းဂဏန်း) ပြည်တွင်းငွေကျပ်	တိုးချဲ့မည့် စီမံကိန်းသစ်	ရင်းနှီးမြှုပ်နှံမှု(သန်းဂဏန်း) ပြည်တွင်းငွေကျပ်
အထည်စက်ရုံ	၁၀	၃၅၇၃ ဒသမ ၈၃၄	၆	၂၀၆၀၈ ဒသမ ၉၂၆	၈	၅၂၉၀၀ ဒသမ ၀၀၀
စားကုန်စက်ရုံ	၁၀	၉၇၈ ဒသမ ၆၁၁	၂	၆၃၆ ဒသမ ၀၅၅	၉	၃၁၆၆ ဒသမ ၃၆၄
ဆေးဝါးစက်ရုံ	၁၀	၅၇၀၄ ဒသမ ၁၇၇	၅	၁၁၀၀၀ ဒသမ ၈၆၆	၆	၆၅၇၁ ဒသမ ၄၀၁
ကြွေထည်မြေထည်စက်ရုံ	၆	၇၃၂၄ ဒသမ ၂၅၅	၁	၉၆၇ ဒသမ ၀၀၀	၁၂	၂၆၆၈၄ ဒသမ ၀၀၀
ထွေ/ထိန်းစက်ရုံ	၈	၂၅၅၃ ဒသမ ၁၉၀	–	–	၈	၆၅၃၅ ဒသမ ၀၀၀
စက္ကူစက်ရုံ	၃	၁၈၄၆ ဒသမ ၁၆၄	၆	၁၇၁၈၄ ဒသမ ၈၉၇	၇	၅၀၀၀၀ ဒသမ ၀၀၀
စုစုပေါင်း	**၄၇**	**၂၁၉၈၀ ဒသမ ၂၃၁**	**၂၀**	**၅၀၃၉၇ ဒသမ ၇၄၄**	**၅၀**	**၁၄၅၈၅၆ ဒသမ ၇၆၅**

(၁၅)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စက်မှုနိုင်ငံဖြစ်ပေါ်လာရေးအတွက် စက်မှုစွမ်းအား ခေတ်ကျော်လွှားဟူသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ စက်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများ နိုင်ငံတစ်ဝန်း ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်သည်။ ယခုအခါတွင် စက်ရုံ အလုပ်ရုံများမှ အရေအတွက်သာမက အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ ပြည်ပ သွင်းကုန် ပိုမိုအစားထိုးနိုင်ရေး အလေးထား ထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအပါအဝင် သုံးနိုင်ငံ၌သာ ရှားပါးအဖိုးတန် စိမ်းပြာရေညှိထွက်ရှိပြီး ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်။ နိုင်ငံတော်အကျိုးစီးပွားအတွက် တည်ဆောက်ထားသော စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ရေခါး)။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းက ရောဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ တစ်နေ့တန်(၂၀၀)ကျ ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း)ကို တည်ဆောက်လျက်ရှိသည်။

ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကျောက်ဆည်စက်မှုဒေသရှိ တစ်နေ့ တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)ကို တွေ့ရစဉ်။

တပ်မတော်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁

တပ်မတော်ဂေါက်ကွင်း မင်္ဂလာဒုံ၌ ဗိုလ်မှူးချုပ်ကျော်တင့် (ငြိမ်း)နှင့် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးကံညွန့်(ငြိမ်း)၊ ဗိုလ်မှူးကြီးခင်ထွန်း (ငြိမ်း)၊ ဗိုလ်မှူးကြီးညွန့်ဇော် (ငြိမ်း) တို့သည် ဒီဇင်ဘာ၃၁ ရက်နံနက်ပိုင်းတွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား (SRIXON No.3)အားသံတုတ်နံပါတ်(Callaway No. 5) ဖြင့် ကျင်းနံပါတ်(၇)သို့ ၁၃၂ကိုက်အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား သစ်သီးဝလံပန်းမန်ပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့တော်ဝန်ဖလား (၁၂)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့်တော်ဝင် လမ်းထောင့်ရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံပန်းဝါသနာရှင် အသင်းဦးဆောင်နာယကကြီးများဖြစ်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က ဖဲကြိုးဖြတ်ကာ မိုးပျံပူပေါင်းများ လွှတ်တင်ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား (၁၂)ကြိမ်မြောက် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင် ဦးအောင်စိုးက ပြပွဲပြိုင်ပွဲ ကျင်းပခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား(၁၂)ကြိမ်မြောက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကို မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကကြီးများဖြစ်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကကြီးများ၊ နာယကအဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် သစ်သီးဝလံ ပန်းမန် ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးတို့၌ ပြိုင်ပွဲဝင်ဦးရေ ၄၀၀ တို့၏ ပြိုင်ပွဲဝင် သစ်သီးဝလံပန်းမန်များနှင့် ပန်းအလှပြပြင်မှုများ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိက ပျိုးခြံပျိုးဥယျာဉ် ၉၉ ခုတို့မှ ပြခန်းပေါင်း ၄၄၈ ခန်း ဖွင့်လှစ်ပြီး သစ်သီးဝလံပန်းမန် စိုက်ပျိုးရေးသုံး ကိရိယာများ၊ အားဖြည့်ဆေး၊ ပိုးသတ်ဆေးနှင့်မြေသြဇာများ ခင်းကျင်းရောင်းချနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးအကဲဖြတ်ကြသည်။

ဆုများပေးအပ်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြပွဲပြိုင်ပွဲဗဟိုခန်းမ၌ မွန်းလွဲပိုင်းတွင် ကျင်းပရာပန်းအလှပြင်ခြင်း၊ ပြည်တွင်းသစ်ခွ(သဇင်)၊ ဟင်းသီးဟင်းရွက်၊ အသီးပါအပင် (နှစ်ရှည်)၊ ပြည်ပသစ်ခွ (ကတ်တလီယာ)၊ ရှားစောင်းပင်၊ ပြည်ပသစ်ခွ(ဒင်ဒရိုဗီယမ်)၊ ပြည်ပသစ်ခွ(ဗင်ဒါ)၊ ပြည်တွင်းသစ်ခွ (အခြား)၊ ရာသီပန်း၊ အသီးပါအပင် (ရာသီ)၊ အရွက်လှပင်(In Door)၊ ပန်းအလှပင်၊ရွက်လှပင်(Out Door)၊ နှင်းဆီ၊ သစ်သီးဝလံ၊ သက်ကြီးပုပင် (ဗွန်ဇိုင်း)နှင့် ပိန်းပန်းပင်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား သက်ဆိုင်ရာပြိုင်ပွဲများအလိုက် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကများဖြစ်ကြသော ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်နှင့် နာယကအဖွဲ့ဝင်များက ဆုများ အသီးသီး ပေးအပ်ကြပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တံခွန်စိုက်ဆုရ ဦးအောင်မင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုရရှိကြသူများကိုယ်စား တံခွန်စိုက်ဆုရ ဦးအောင်မင်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမဲ့ကြည့်ရှုဝယ်ယူနိုင်

မြို့တော်ဝန်ဖလား(၁၂)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၇ ရက်အထိ နေ့စဉ် ခင်းကျင်းပြသထားမည်ဖြစ်ရာ စိုက်ပျိုးရေးနှင့်သစ်သီးဝလံပန်းမန် ဝါသနာရှင်များ၊ပြည်သူများ အခမဲ့ လာရောက်လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင်ဖွင့်ပွဲအခမ်းအနား ၄-၁-၂၀၀၄ ရက် နံနက် ၉ နာရီ

- မြန်မာ့အမွေအနှစ်နန်းမြင့်မျှော်စင်ပေါ်မှ ရန်ကုန်မြို့တော်အပေါ်စီးမြင်ကွင်းနှင့် ပဲခူးမြစ်ရှုခင်းအလှကို ကြည့်ရှုခံစားနိုင်ပြီ။
- ဖွင့်ပွဲအခမ်းအနားတွင်
  - ပြည်ထောင်စုတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသား ရိုးရာ အကပဒေသာများ
  - Tree တေးဂီတအဖွဲ့နှင့် တိုင်းရင်းသားစတီရီယိုအဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများ
  - ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တိုင်းရင်းသား/သူလေးများ၏ ရိုးရာ အကပဒေသာများ
  - တိုင်းရင်းသား ရိုးရာပစ္စည်းအသုံးအဆောင်၊ အစားအစာ ဈေးရောင်းပွဲများ ပါဝင်မည်။
- သွေးချင်းများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို ကြည့်ရှုလေ့လာရင်း ကချင်ပြည်နယ်က ခါကာဘိုရာဇီတောင်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ ကရင်ပြည်နယ်က ဇွဲကပင်တောင်၊ ချင်းပြည်နယ်က ရိဒ်ရေကန်၊ မွန်ပြည်နယ်က ကျိုက်ထီးရိုးဘုရား၊ ရခိုင်ပြည်နယ်က ထုက္ကန့်သိမ်နဲ့ ရှမ်းပြည်နယ်က အင်းလေးကန်များရှိရာသို့ အပျော်စီးကားလေးများဖြင့် အရောက်သွားနိုင်သော။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

နေ့စဉ်ပိတ်ရက်မရှိ နံနက် ၇ နာရီမှ ညနေ၆နာရီအထိ ဝင်ကြေး လူကြီး ကျပ် ၅၀၊ ကလေး ၂၅ ကျပ်

နိုင်ငံခြားသား 3FEC မည်သူမဆို ဝင်ရောက်နိုင်သည်။

[အမှတ် ၃၂ နှင့် အမှတ် ၄၉ (အဝါ) ကားများ တိုက်ရိုက်ရောက်သည်။]

စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇန်နဝါရီ ၁

နယ်မြေခံထောက်လှမ်းရေးတပ်နှင့် တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု စီဝမ်ထောင်းရွာနေ စိုင်းပြန်း၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ အိုက်ထား၊ အိုက်ဆံတို့နှင့်အတူ မြက်ခင်းပေါ်မှ ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၅၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့ မိုင်းဖုန်း(က)အုပ်စု စီဝမ်ထောင်းရွာနေ ဦးနန်ပြန်း၏သား စိုင်းပြန်း၊ပါထောင်ရွာ ဦးခင်ကျောက်၏သား အိုက်ထား၊ ဟောင်လိတ်အုပ်စု တော်ကော့အပြင်ရွာနေ ဦးကျော်၏သား အိုက်ဆံတို့အား ဝမ်ပုံရဲစခန်းက မူးယစ်ဆေးဝါးပထမ သတင်းပေးတိုင်ချက်အမှတ် ၃/ ၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၂အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက အောက်တိုဘာ ၃ရက်တွင် တရားခံ စိုင်းပြန်းအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၂နှစ် ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန်၊ တရားခံအိုက်ထားအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်၊ တရားခံ အိုက်ဆံအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါး ရောင်းချရန် အလို့ငှာ လက်ဝယ်ထား ရှိမှုပုဒ်မ၁၉(က)အရ အလုပ်နှင့် ထောင် ဒဏ်၁၀ နှစ် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသတင်းဂျာနယ် အတွဲ(၂)၊အမှတ်(၁၈)ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဇန်နဝါရီ ၁

မဟာသတင်းဂျာနယ် အတွဲ(၂) အမှတ် (၁၈) ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ ယခုအပတ်ဂျာနယ်တွင်စွန်ရဲ၏ တွေ့ကြုံခဲ့ရ လူ့ဘဝ ၅၁၊ ဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မောင်ဆွေသက်၊ အောင်ဝိုင်း၊ ဆူဇိုနင်၊ ချစ်စံဝင်းတို့၏ ဆောင်ပါးများအပြင် ၂၀၀၂ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသတင်းမြင်ကွင်း၊ ကျော်ဘိလူး တင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပအားကစားသတင်းတို့နှင့်အတူ မြတ်ခိုင်၏ အမှားနှစ်ထောင်၊ အင်္ဂါစကားဝိုင်းတို့ ပါဝင်ကြောင်းသိရသည်။**(အပေါ်ပုံ)(က-ပ)**

အများသိစေရန် ပြန်လည်အသိပေးကြေညာခြင်း

၁၉-၁၁-၂၀၀၃နေ့ထုတ်(မြန်မာ့အလင်း)သတင်းစာတွင် (Daiden Equipment Co.,Ltd.)၏ ဒါရိုက်တာ ဦးမျိုးဝင်း၏ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးအုံးမြင့်သည် (ဦးသန်းမြင့်)အား (Daiden Equipment Co.,Ltd.)၏ (လက်ခစားစက်ပြင်ဆရာ) (အဟောင်း)ဟု ဖော်ပြကြေညာခဲ့ပြီး လွန်ခဲ့သော ၂၅-၁၂-၂၀၀၂၊ ၂၇-၁၂-၂၀၀၂၊ ၃၀-၁၂-၂၀၀၂နေ့ထုတ် (မြန်မာ့အလင်း၊ကြေးမုံ၊အင်္ဂလိပ်)သတင်းစာများတို့တွင် ရှေ့နေဦးအုံးမြင့်က (ဦးသန်းမြင့်) သည် (Daiden Equipment Co.,Ltd.)တွင် (Mechanic)(စက်ပြင်-ဆပ်ကန်ထရိုက်တာ)ဟု (ဖော်ပြ)ကြေညာခဲ့ပါသည်။

ကြေညာချက်နှစ်ခုမှာ (ဦးသန်းမြင့်)တစ်ဦးတည်းကို ရည်ညွှန်းကြေညာခြင်းဖြစ်ပြီး ကွဲလွဲနေပါသည်။ ကွဲလွဲကြေညာခြင်းသည် လိမ်ညာကြေညာသလိုဖြစ်နေပါသည်။ ဦးသန်းမြင့်သည် ရန်ကုန်တိုင်းတွဲဖက်(၈)တရားရုံးတော်တွင် တရားစွဲဆိုရာတွင် ဒါရိုက်တာ ဦးမျိုးဝင်း နှင့်ကုမ္ပဏီနှစ်ခုအပေါ် တရားစွဲဆိုခြင်းမဟုတ်ပါ။ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းကိုပါ ထည့်သွင်းတရားစွဲဆိုခြင်းဖြစ်ပါသည်။ ယခုကြေညာတွင် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းကို (ထိန်ချန်/ချန်လှပ်)ပြီး ကြေညာထားသည်ကို တွေ့ရှိရပါသည်။

လူကြီးမင်းတို့၏ ကြေညာချက်သည် (အများပြည်သူသိစေရန် သတင်းစာမှကြေညာခြင်းကြောင့် လူကြီးမင်းတို့သည် (အများပြည်သူ)ကို (လိမ်လည်ပြီး ကြေညာ)သလို ဖြစ်နေသည့်အတွက် (ရာဇဝတ်မှုမကင်းသော မရိုးမဖြောင့်သော)ကြေညာခြင်းမျိုးဖြစ်နေပါ၍ လူကြီးမင်းတို့ ကြေညာချက်ကို ခုနစ်ရက်အတွင်းပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပျက်ကွက်ပါက အရေးယူပေးရန်တင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။

ဦးစိုးမြင့်
၃၁-၃-၂၀၀၃နေ့စွဲအရ
ဦးသန်းမြင့်၏အခွင့်ရကိုယ်စားလှယ်၊
အမှတ် ၁၀၃(ပ/ထပ်)၊ ၁လမ်း၊ (၉၄)ရပ်ကွက်၊
(ယုဇနမြို့တော်)ဒဂုံဆိပ်ကမ်းမြို့နယ်
ရန်ကုန်မြို့။

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

သည်ကမ်းယံ စေတီဦးဆီသို့

**ကမ်းရောက်ပြန်တော့
တဖြောက်မြည်သံကျူ၍
နဂိုမူစွန့်ကာပစ်ပါလို့
မူသစ်တစ်ဆင်ခြယ်၍
ပြင်ကျယ်ကျယ်ပင်လယ်စခန်းဆီသို့
မြန်းကြွမည့်သွင်။ ။**

(ဆရာဇော်ဂျီ)

စာရေးသူသည် မောင်းမကန်ရေချိုးဆိပ်တွင် ရောက်ရှိနေခြင်းဖြစ်သည်။ မောင်းမကန်ရေချိုးဆိပ်မှာ ယခုမှပေါ်လာသော ရေချိုးဆိပ်မဟုတ်ပါ။ သမိုင်းကြောင်းအရ ပုဂံခေတ်အချိန်က မြန်မာသက္ကရာဇ် ၅၁၇ ခုနှစ်တွင် ပင်လယ်ပိုင်းကို ခရီးလှည့်ခဲ့သော အလောင်းစည်သူမင်းကြီး၏ဖောင်သည် ဤမောင်းမကန်အရပ်သို့ ဆိုက်ရောက်ခဲ့ဖူးသည်ဟု ဆိုသည်။ အလောင်းစည်သူမင်းကြီးသည် ရေချိုများရရှိရန် မောင်းမမိသံအခြွေအရံများအား ကုန်းပေါ်တက်၍ ရေကန်များ တူးဖော်စေခဲ့သည်။ မောင်းမများပါဝင်တူးဖော်ခဲ့သော ရေကန်ရှိရာအရပ်ကို မောင်းမကန်ကျေးရွာ၊ မောင်းမများ ပင်လယ်ရေချိုးရာဆိပ်ကို မောင်းမကန်ရေချိုးဆိပ်ဟူ၍ ယနေ့တိုင်ခေါ်တွင်လာခဲ့ကြောင်း သက်ကြီးသူတို့၏ပြောစမှတ် ဆိုစမှတ် ရှိနေသည်။

စာရေးသူသည် မောင်းမကန်ရေချိုးဆိပ်သို့ရောက်စဉ် ကြည်နူးမှု၊ လန်းဆန်းလတ်ဆတ်မှုများကြောင့် လှပကျက်သရေရှိသော လှိုင်းခေါင်းဖြူကြီးများကို ကြည့်၍ အတွေးရေယဉ်ကြောတွင်နစ်မျောနေသည်။ ထားဝယ်မှ မောင်းမကန်ပင်လယ်ကမ်းခြေသွားရာလမ်းသည် ကမျောကင်းတံတားကျော်လျှင် ပို၍စိုပြည်လာသည်။ လမ်းဘေးဝဲယာရှိ ရော်ဘာတော၊ ရေငန်းတော၊ ပိန္နဲခြံ၊ မင်းကွတ်အုပ်တို့မှာ စိမ့်စိမ့်အေးအေးရှိသည်။ တောရှည်၊ ရွာတန်းလွန်ပြီးနောက် ကားလမ်းသည် တောင်ထွတ်တစ်ခုကို ကွေ့ဝိုက်ကာကျော်ဖြတ်ရသည်။ တောင်အောက်ရောက်သည်ဆိုလျှင်ပင် မောင်းမကန်ရွာကို ဗြုန်းခနဲ နဖူးတိုက် ဒူးတိုက်တွေ့လိုက်ရသည်။ မောင်းမကန်ရွာသည် သန့်ရှင်းသပ်ရပ်သည်။ ဆိတ်ငြိမ်ပြီး အေးချမ်းသော လက္ခဏာကို ဆောင်လျက်ရှိသည်။

**ဝက်တစ်မြို့ဖက်၊ ကြက်အုပ်စွက်၍
သရက်ငှက်ပျော၊ အုန်းတစ်တောနှင့်
သဘော်ာ သံပရာ၊ ဟင်းခင်းသာလျက်
စုံဖြာလွမ်းမော၊ ပန်းခင်းတောတွင်
သမီးချောလုံမေ၊ ပန်းတွေဝေလျက်။ ။**

(ဇေယျာထွန်း)

ကွေ့ကောက်နေသော ရွာလယ်လမ်းမှ ဆက်သွားလျှင် မကြာမီ ပင်လယ်ကမ်းခြေသို့ရောက်သည်။ မောင်းမကန်အော်သည် ညို့မှိုင်းနေသည်။ အဆုံးတိုင် မမြင်နိုင်သော ပင်လယ်သည် လှိုင်းလုံးဖြူရွရွလေးများဖြင့် ကြိုဆိုနေဟန်နှင့်တူသည်။

ရေချိုးသူ၊ လှိုင်းစီးသူများမှာ ပင်လယ်စပ်တွင် ရောင်စုံပန်းပွင့်များဖြန့်ကြဲထားသလို ထင်ရသည်။ အပန်းဖြေ အနားယူနေကြသူအားလုံးမှာ ပျော်ရွှင်ခြင်းကိုသာ ရင်ခွင်ပိုက်ထားချိန် ဖြစ်နေပေပြီ။

စာရေးသူသည် ပင်လယ်ကမ်းခြေတွင် အပန်းဖြေရုံသာမက ရေပူစမ်းတွင် ရေချိုးချင်သည့်စိတ်များ ပေါ်ပေါက်လာသည်။ မောင်းမကန်ကျေးရွာနှင့် တစ်မိုင်ခန့်အကွာတွင် ရေပူစမ်းများ တည်ရှိသည်။ မောင်းမကန်ရွာ၏ မြောက်ဘက် ပန်းတက်အင်းရွာသို့သွားသော မော်တော်ကားလမ်း၏ ဘယ်ဘက်နံဘေးတွင် တည်ရှိသော ရေပူစမ်းများမှာ အပန်းဖြေသူများအတွက် စိတ်ရောကိုယ်ပါ လန်းဆန်းစေသည်။

အင်းလေးခေါင်တိုင် ရေပူစမ်းတွင် ရေကူးရသကဲ့သို့ ကျန်းမာရေးနှင့် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှသည်။ ထားဝယ်မြို့အနီးတွင် အခြားရေပူစမ်းများလည်း ရှိသေးသည်။ ဝဇွမ်းချောင်း ရေပူစမ်းမှာ ၄၂ မိုင်ခန့်ဝေးပြီး ပဲဒက်ရေပူစမ်းမှာ ၆၄ မိုင်ခန့်ဝေးသည်။ ရှင်ငုတ်ရေပူစမ်းမှာ ၁၂မိုင်ဝေးသည်။ ယခုမောင်းမကန်ကျေးရွာအနီးရှိ ရေပူစမ်းမှာ ကိုးမိုင်သာဝေးသည်။ ပင်လယ်ရေချိုးသူများအဖို့လည်း သွားရေးလာရေး အဆင်သင့်နေသဖြင့် ရေပူချိုးသူများ စည်ကားနေခြင်းဖြစ်သည်။

ထားဝယ်မြို့၏ အနောက်ဘက် လောင်းလုံမြို့နယ် ပင်လယ်ပြင်တွင် ဟန်ဇယ်၊ မောင်းမကန်နှင့် လောင်းလုံကျွန်းစုတစ်စု ရှိသည်။ ယင်းကျွန်းများမှာ ကျောက်ဆောင်ထူထပ်သော ကျွန်းများဖြစ်၍ လူနေအိမ်ခြေမရှိပါ။ သို့သော် စီးပွားရေးလုပ်ငန်းတွင် အရေးပါသော ငှက်သိုက်များထွက်ရာ ကျွန်းစုဖြစ်သည်။ ကမ်းခြေနှင့် ၁၀ မိုင်ခန့်ကွာသည်။

**ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီက
သည်ကမ်းယံ စေတီဦးဆီသို့
ဖူးမြော်ရန် ရောက်လာရင်းပေလော့။ ။**

(ဆရာဇော်ဂျီ)

ပင်လယ်ဘက်မှ ထားဝယ်ကိုလာသည်ဖြစ်စေ၊ ပင်လယ်ခရီးဖြင့် ဖြတ်သန်းသွားသည်ဖြစ်စေ ထားဝယ်မြစ်ဝရှိ ရှင်မော်တောင်အငူစွန်းတွင် တည်ထားသော ရှင်မော်တောင်စေတီကို ဖူးတွေ့နိုင်ပေသည်။ သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်ကြီးသည် ထားဝယ်အရပ်(ဒူရံကတိုင်း)တွင် ဗုဒ္ဓသာသနာပြန့်ပွားစေရန် မဟာဗန္ဓဝနှင့် စူဠာဗန္ဓဝအမည်ရှိသော မထေရ်ညီနောင်တို့အား ဤရှင်မော်တောင်သို့စေလွှတ်ခဲ့သည်။

သာသနာသက္ကရာဇ် ၂၃၈ ခုနှစ်တွင် ထိုအရှင်နှစ်ပါးဦးဆောင်၍ ဗုဒ္ဓ၏ အံတော်ကို ဌာပနာပြုကာ ဤရှင်မော်တောင်စေတီကို တည်ထားခဲ့သည်ဟု ထားဝယ်ရာဇဝင်က ပြဆိုသည်။ ယင်းစေတီကို ပုဂံခေတ်အလောင်းစည်သူမင်းကြီးသည် ကောဇာသက္ကရာဇ် ၄၆၈ ခုနှစ်တွင် ထပ်မံပြုပြင်တော်မူသည်။ ပင်လယ်ဘက်မှဖူးတွေ့ရသည်မှာ အလွန်ကြည်ညိုဖွယ်ကောင်းသည်။ ယင်းအငူတွင် အခြားမြေပေါက်စေတီများ အစီအရီတည်ထားသည်ကိုလည်း တွေ့မြင်နိုင်သည်။

**တို့မွေးရပ်မြေ၊ ရပ်အကြေလျှင်
ရေကြည်အေးချို၊ တောစိမ်းစိုလျက်
ကျွန်းညိုမျောမျော၊ လယ်ယာတောနှင့်
လွမ်းမောဖွယ်ရာ၊ ရေမြေသာ၏။ ။**

(ဇေယျာထွန်း)

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

စာရေးသူသည် တနင်္သာရီတိုင်းသို့ရောက်စဉ် ဆီအုန်းစိုက်ပျိုးရေးအတွက် လေ့လာခဲ့သည်။ နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်းသို့ရောက်ရှိစဉ် စားသုံးဆီဖူလုံစေရေးနှင့်စပ်လျဉ်း၍ ဤသို့လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

“နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သော စားသုံးဆီဖူလုံရေး၊ တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးစသည့် ကောင်းမြတ်သော အကျိုးစီးပွားအတွက် သာမက လုပ်ငန်းရှင်များ၏ ရေရှည်အကျိုးစီးပွားအတွက်ပါ မျှော်မှန်းပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် အားထုတ်ကြိုးပမ်းသွားကြမှာဖြစ်ကြောင်း”

ဟု ဗိုလ်ချုပ်မှူးကြီးက မိန့်ကြားခဲ့သည်။

တနင်္သာရီတိုင်းရှိ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်တို့တွင် ဆီအုန်းသီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံအတွက် တနင်္သာရီတိုင်းကို ဆီအိုးကြီးဖြစ်ရန် အစီအမံများဖြင့် လုပ်ဆောင်လျက်ရှိသည်။ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် စားသုံးဆီ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၆၀ ကျော်ဖိုးခန့် အနည်းဆုံးတင်သွင်းနေရသည်။ ရောဝတီမြစ်ကူးတံတားကြီးတစ်စင်း၏ နိုင်ငံခြားသုံးငွေ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ခန့်သာရှိရာ စားသုံးဆီတင်သွင်းရန် နှစ်စဉ်သုံးစွဲရသည့် ငွေကြေးပမာဏသည် မြစ်ကူးတံတားကြီး လေးငါးခြောက်စင်း တည်ဆောက်ပေးနိုင်သည်။

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် **အဏ္ဏဝါစိုးမိုးကုမ္ပဏီလီမိတက်**က ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို အကောင်အထည်ဖော် စတင်ခဲ့သည်။ **အဏ္ဏဝါစိုးမိုးကုမ္ပဏီလီမိတက်**က သရက်ချောင်းမြို့နယ်တွင် ဆီအုန်းဧက ၅၀၀၀ စိုက်ပျိုးခဲ့သည်။ ထို့ပြင် ထားဝယ်ခရိုင်အတွင်း၌ စတီးစတုန်းကုမ္ပဏီလီမိတက်က ဧက ၁၀၀၀၀နှင့် စကိုင်းလင့်ကုမ္ပဏီလီမိတက်က ဧက ၃၀၀၀၀ စိုက်ပျိုးလျက်ရှိကြသည်။

တနင်္သာရီမြို့နယ်တွင် မြန်နိုင်မြင့် ဆီအုန်းစိုက်ပျိုးရေးအဖွဲ့က ဇဝဲ၊ ဘန်လမွတ်၊ ဘန်ကြတ်၊ သဲဖြူကွင်းဒေသများတွင် ဆီအုန်းပင်စိုက်ပျိုးထားကြောင်း တွေ့ရှိရသည်။ **ရွှေကမ္ဘောဇစိုက်ပျိုးရေးကုမ္ပဏီလီမိတက်**က တနင်္သာရီမြို့နယ် ကမ်မလိုင်းကျေးရွာမှ ထောင်ဖရူကြား ကားလမ်းဘေးတစ်လျှောက် ဆီအုန်းများ အကြီးအကျယ် စိုက်ပျိုးထားသည်ကို တွေ့ရှိရသည်။ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က မြိတ်မြို့နယ် တုံးဗျောကြီးဒေသတွင် ဆောင်ရွက်လျက်ရှိသည့် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ အထူးအောင်မြင်လျက်ရှိကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးမှုစီမံကိန်းများနှင့် ဆီအုန်းစိုက်ပျိုးနိုင်မှုအခြေအနေများကို ဟာကွက်လပ်ကွက်မရှိ အထူးစီမံစိုက်ပျိုးနေကြကြောင်း စာရေးသူတို့ လေ့လာတွေ့ရှိခဲ့ရသည်။ တောင်ဒဂုံဆီစက်ကုမ္ပဏီလီမိတက်က ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းနှင့် ကရသူရိအကြား မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရှင်းလင်း၍ ဆီအုန်းအထူးစိုက်ပျိုးနေကြသည်။ ဆီအုန်းစိုက်ပျိုးရေးအတွက် စခန်းလေးခုခွဲကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**မြစောင်းခတ်နှီး၊ ငြိမ့်သံပျိုး၍
ကကြိုးစုံစွာ၊ အသင်လာမှ
ကြင်နာအေးမြ၊ မိုးစက်လွတို့
ဖွဖွကြွေဆင်း၊ မြေသို့ချဉ်း၍
ဝပ်ဆင်းမြေပြင်၊ ဖွေးဖွေးလွှင်ပြီး
လယ်ခွင်လှုပ်ရှား၊ နွားပြာကျားနှင့်
ထွန်သွားတို့ပြင်၊ အလှဆင်မည်
လူ့ခွင်သာမော၊ ပြန့်ပြောစည်။ ။**

(မောင်ယဉ်နွယ်)

